ရောင်းမှန်

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ စနေနေ့။ Saturday, 10 June 2023 ၁၁၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းများသည် လူထုဆက်ဆံရေးလုပ်ငန်းတစ်ခုပင်ဖြစ် မိမိတို့လုပ်ငန်း၏အကျိုး၊ ပြည်သူလူထုနှင့် နိုင်ငံတော်အပေါ် အကျိုးပြုနိုင်မှုများကို သုံးသပ်ဆောင်ရွက် သတင်းအချက်အလက်အမှန်များနှင့် သုတရသဖြစ်ဖွယ်၊ စိတ်ချမ်းမြေ့ဖွယ် အစီအစဉ်များကို ဖမ်းယူနားဆင်နိုင်ရမည်

နေပြည်တော် ဇွန် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မော်ဘီတပ်နယ်ရှိ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)တပ်မှူးတို့က မြဝတီရုပ်မြင်သံကြားနှင့် သဇင် FM တို့၏ ထုတ်လွှင့်မှုပိုင်းဆိုင်ရာများနှင့် ပတ်သက်၍

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ

အက်ပလီကေးရှင်းနည်းပညာ နိုင်ငံတော်တွင် စတင်မိတ်ဆက်

အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၈ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အက်ပလီကေးရှင်းနည်းပညာဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အသုံးပြုနေပြီဖြစ်သော်လည်း နိုင်ငံတော်အနေဖြင့်လည်းကောင်း၊ ပြည်သူများအနေဖြင့်လည်းကောင်း တွင်တွင်ကျယ်ကျယ်ဖြစ်မလာသေးပေ။ ကမ္ဘာတစ်ဝန်းလုံးတွင် နည်းပညာစနစ်ကို တက်လှမ်းနေကြပြီဖြစ်ရာ အစစအရာရာတွင် အက်ပလီကေးရှင်းနည်းပညာဖြင့် လူမှုစီးပွားဘဝများ၌ ဆက်သွယ်လုပ်ကိုင်နေကြပြီဖြစ်သည်။ ယခုအခါ အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရသည့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်ကို နိုင်ငံတော်တွင် စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

အများပြည်သူတို့အနေဖြင့် အွန်လိုင်းနည်းပညာကို နေ့စဉ်အသုံးပြုလျက်ရှိရာ၌ မိမိတို့အတွက်လည်းအကျိုးရှိ၊ နိုင်ငံတော်အတွက်လည်းအကျိုးများမည့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို စတင်စမ်းသပ်အသုံးပြုကြည့်ရန် တိုက်တွန်းလိုက်ရပါသည်။ မြန်မာနိုင်ငံအနေဖြင့် တိုးတက်နေသောနိုင်ငံများနည်းတူ အီလက်ထရွန်နစ်စနစ်ကို အပြည့်အဝအကောင်အထည်မဖော်နိုင်သေးပေ။ အကောင်အထည်မဖော်နိုင်မီစပ်ကြားတွင် အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယခင်ကာလများက နိုင်ငံတော်အဆင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း ထီဥပဒေပြဋ္ဌာန်းထားခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ပေ။

ပြည်သူများအနေဖြင့် မိုဘိုင်းတယ်လီဖုန်းများကိုအသုံးပြုပြီး အက်ပလီကေးရှင်းအမျိုးမျိုးတို့ကို အသုံးပြုနေကြပြီဖြစ်၍ နိုင်ငံတော်က တရားဝင်လစဉ်ဖွင့်လှစ်ပေးလျက်ရှိသော အောင်ဘာလေသိန်းထီကို ပြည်သူများ လွယ်လင့်တကူအသုံးပြုနိုင်ရန် စတင်လိုက်ပြီဖြစ်သည်။ ပြည်သူများအနေဖြင့် အောင်ဘာလေထီကို အွန်လိုင်းထီအက်ပလီကေးရှင်းမှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေး သတ်မှတ်စျေးနှုန်းအတိုင်း လွယ်ကူအဆင်ပြေစွာ ကံစမ်းနိုင်ကြပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် လက်ရှိအောင်ဘာလေသိန်းဆုထီလက်မှတ်များကို ပုံနှိပ်ဖြန့်ဖြူးရောင်းချသည့်စနစ်အပြင် ပြည်သူအားလုံး အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာကံစမ်းနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အောင်ဘာလေအွန်လိုင်းသိန်းဆုထီ အက်ပလီကေးရှင်းကို အသုံးပြုပြီး ကံစမ်းသူများအနေဖြင့် ထီလက်မှတ်ဝယ်ယူခြင်း၊ ထီဖိုးငွေပေးခြင်းမှအစ ထီဆုငွေရယူခြင်းအဆင့်အထိ ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လဆန်းထီဖွင့်ပွဲကျင်းပချိန်တွင် ထီတိုက်ရန်မလိုဘဲ ကံထူးသူပြည်သူများ၏ မိုဘိုင်းတယ်လီဖုန်းများသို့ SMS ပေးပို့၍ အကြောင်းကြားပေးမည်ဖြစ်သည်။ ထီဆုငွေထုတ်ယူရာတွင်လည်း မှန်ကန်လွယ်ကူစေရေးအတွက် ပမာဏနည်းသည့် ထီဆုကြေးငွေများကို အွန်လိုင်းမှ လွှဲပြောင်းပေးခြင်း၊ ထီကံထူးသူများ၏ ဘဏ်စာရင်းအကောင့်သို့ ပေးပို့ခြင်းတို့ကို အီလက်ထရွန်နစ်နည်းလမ်းများဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အွန်လိုင်းအသုံးပြုမှုများကို ပြည်သူများ ပိုမိုအသုံးပြုလာကြပြီး တရားမဝင်ငွေကြေးဝန်ဆောင်မှုများ၊ စီးပွားရေးလုပ်ငန်းများ၊ လောင်းကစားနည်းအမျိုးမျိုးတို့ကို ပြုလုပ်လာကြရာ အလိမ်အညာများနှင့် လုည့်စားမှုများ အမျိုးမျိုးကြုံတွေ့ရသဖြင့် ပြည်သူများ နစ်နာဆုံးရှုံးမှုများရှိခဲ့သည်။ ယခုအောင်ဘာလေအွန်လိုင်းသိန်းဆုထီအက်ပလီကေးရှင်းကို စတင်နိုင်ခြင်း၏အကျိုးဆက်အနေဖြင့် အနာဂတ်တွင် နိုင်ငံတော်အခွန်ဘဏ္ဍာရရှိမှု တိုးတက်စေရေး၊ နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေသားကိုင်တွယ်အသုံးပြုမှု လျှော့ချစေရေး အစရှိသည့် ကောင်းကျိုးများစွာတို့ကို ရရှိစေမည်ဖြစ်သည်။

နိုင်ငံတကာတွင် ဒစ်ဂျစ်တယ်နည်းပညာအမျိုးမျိုးဖြင့် လူမှုစီးပွားရေးနယ်ပယ်အမျိုးမျိုး၌ စဉ်ဆက်မပြတ်လုပ်ကိုင်နေသည့်အချိန်တွင် မြန်မာနိုင်ငံ၌လည်း အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ထီကံစမ်းလိုသူများအနေဖြင့် မည်သည့်နေရာသို့ ရောက်ရှိနေသည်ဖြစ်စေ ခက်ခဲပင်ပန်းအကုန်အကျခံကာ သွားရောက်ထီထိုးရန်မလိုတော့ဘဲ မိမိတည်ရှိရာနေရာမှပင် မိမိတို့စိတ်ကြိုက် ထီအက္ခရာ၊ ထီဂဏန်းနံပါတ်များကို ရွေးချယ်ဝယ်ယူနိုင်ပြီဖြစ်၍ မြို့ပြနှင့်ကျေးလက်နေပြည်သူများအားလုံး အဆင်ပြေလွယ်ကူစွာ ကံစမ်းနိုင်ပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်နည်းပညာနှင့် မိုဘိုင်းငွေပေးချေမှုစနစ်များအသုံးပြုပြီး လွယ်ကူစွာ ထီကံစမ်းနိုင်သည့် Digital Lottery Platform စနစ်ကို စတင်မိတ်ဆက်အသုံးပြုနိုင်ပြီဖြစ်ရာ ပြည်သူများအနေဖြင့် မိမိတို့၏ကံကောင်းခြင်းများအား အလွယ်တကူထုတ်ဖော်အသုံးပြုနိုင်ပြီး မြန်မာနိုင်ငံတွင် စွဲမြဲစွာ လုပ်ကိုင်လျက်ရှိသည့် ငွေသားကိုင်တွယ်အသုံးပြုမှုတို့ကို လျှော့ချနိုင်သည့် အကျိုးများရကာ ခေတ်မီတိုးတက်သည့် နည်းပညာခေတ်ကို တက်လှမ်းနေပြီဖြစ်ပါကြောင်း။ ။

သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက် တစ်ရပ်ရပ်နှင့်ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာကို ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်ပါသည်။ သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူထားသူ ဦးဟံသာစန်း(A Times သတင်းအေဂျင်စီ)သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းအားထုတ်ပေးထားသည့် A Times သတင်းအေဂျင်စီကို ၂၀၂၃ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှစတင်၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၉ ရက် နံနက် ၈ နာရီ က ဇာတ်စုရပ်ကွက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်း အတွင်း ပြုလုပ်ရာ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ပြီး ကျွန်းပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

၂၁၀

တိုက်ကြီးမြို့နယ်၌ ဆပ်ပြာပြုလုပ်နည်းသင်တန်း ဖွင့်လှစ်

တိုက်ကြီး ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ဆပ်ပြာပြုလုပ်နည်းသင်တန်း(၃/၂၀၂၃)ဖွင့်ပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ဂေါ့ကျေးရွာအုပ်စု ဂေါ့ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှဲ့လှဲ့မွန်၊ မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဇော်ထွန်းနှင့် ဥက္ကံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်တို့က အမှာစကားများ ပြောကြားခဲ့ပြီး တိုက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက သင်ထောက်ကူ ပစ္စည်းများပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ဘက်စုံသုံး ဆပ်ပြာရည်၊ ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေးရည် ပြုလုပ်နည်းများ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ရာ သင်တန်းသို့ကျေးရွာနေပြည်သူ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ဇ-၆-၂၀၂၃

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၀၀၀	၈,၀၀၀	၂,၂၉၅	၁၈,၃၆၀,၀၀၀
MTSH	၂,၈၅၀	၂,၉၀၀	၁၂၆	၃၅၉,၁၅၀
MCB	၇,၁၀၀	၇,၁၀၀	၆၇	၄၇၅,၇၀၀
FPB	၁,၄၅၀	၁,၄၅၀	၇,၃၂၀	၁၀,၆၁၄,၅၀၀
TMH	၂,၅၅၀	၂,၅၅၀	၀	၀
EFR	၂,၄၅၀	၂,၄၅၀	၄	၉,၈၀၀
AMATA	၄,၈၀၀	၄,၈၀၀	၂၀၆	၉၈၈,၈၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း သတင်းထောက်များ	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်စိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော်	-	စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ	-	အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ	-	၀၁-၈၆၁၀၆၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေး တပ်များနှင့် တပ်မတော်အသံလွှင့်တပ်များ၏ သမိုင်းအကျဉ်း၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများနှင့် အဆင့်မြှင့်တင်ထုတ်လွှင့်နိုင်ခဲ့မှု၊ နေ့စဉ်ပြည်တွင်း၊ ပြည်ပသတင်းများ အပါအဝင် အခြားသော ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ် အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိမှု၊ သဇင် FM မှ နေ့စဉ်ထုတ်လွှင့်ပေးလျက်ရှိသည့် အစီအစဉ်များ၊ ရုပ်သံထုတ်လွှင့်ရေးတပ်များနှင့် အသံလွှင့်တပ်များ၏ တိုးတက်ဆောင်ရွက်နိုင်မှုများနှင့် အထွေထွေလိုအပ်ချက်များ၊ မြဝတီတေးဂီတအဖွဲ့နှင့် သံစုံတီးဝိုင်းငယ် အဆင့်ဆင့်တိုးတက်လာမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေသည့် သတင်းများ၊ ထူးခြားဖြစ်စဉ် သတင်းများနှင့် အများပြည်သူသိသင့်သိထိုက်သည့် ပြည်တွင်း၊ ပြည်ပသတင်းများကို မှန်မှန်ကန်ကန်နှင့် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ထုတ်လွှင့်နေရန်လိုကြောင်း၊ ရုပ်သံထုတ်လွှင့်ခြင်းနှင့် ရေဒီယိုအသံလွှင့်ခြင်းများဆောင်ရွက်ရာတွင် အများပြည်သူစိတ်ဝင်စားမှု ဖြစ်စေမည့် အစီအစဉ်များနှင့် အသိပညာပေး အစီအစဉ်များကိုလည်း ထုတ်လွှင့်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်ကို ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရုပ်မြင်သံကြား ထုတ်လွှင့်ရေးနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း၊ စတင်ထုတ်လွှင့်ချိန်၌ ခေတ်နှင့်အညီ ဆောင်ရွက်နိုင်ခဲ့သဖြင့် ပြည်သူများကို စိတ်ပါဝင်စားအောင် ဆောင်ရွက်နိုင်ခဲ့ပြီး အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ၃၃ နှစ်တာကာလအတွင်း အတွေ့အကြုံများ များစွာ ရရှိပြီးဖြစ်ကြောင်း။

ရုပ်မြင်သံကြားထုတ်လွှင့်မှုသည် နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုရန်လို

ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း လုပ်ငန်းများသည် လူထုဆက်ဆံရေးလုပ်ငန်းတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အကျိုးရှိအောင် ဆောင်ရွက်ရန်နှင့် အကျိုးပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့လုပ်ငန်း၏ အကျိုး၊ ပြည်သူလူထုနှင့် နိုင်ငံတော်အပေါ် အကျိုးပြုနိုင်မှုများကို သုံးသပ်ဆောင်ရွက်ရန် လိုကြောင်း။

မိမိတို့ထုတ်လွှင့်သည့် ရုပ်သံထုတ်လွှင့်မှုများကို နိုင်ငံအနှံ့နေရာအားလုံး၌ ဖမ်းယူကြည့်ရှုနိုင်ရန်လိုကြောင်း၊ ဒေသအလိုက် တပ်ရင်း၊ တပ်ဖွဲ့များ၊ ဒေသခံပြည်သူများ သာမက ရှေ့တန်းရောက် တပ်မတော်သားများအနေဖြင့်လည်း အသံထုတ်လွှင့်မှု အစီအစဉ်များကို ဖမ်းယူရရှိနိုင်ရန်လိုကြောင်း၊ လိုအပ်သည့် သတင်းအချက်အလက်အမှန်များနှင့် သုတရသဖြစ်ဖွယ်၊ စိတ်ချမ်းမြေ့ဖွယ် အစီအစဉ်များကို ဖမ်းယူနားဆင်နိုင်ရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ရည်ရွယ်ချက်မှာ **"ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် စည်းရုံးရန်"** ဖြစ်ကြောင်း၊ နည်းမှန်လမ်းမှန်ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်မှုသည် စည်းရုံးရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဖျော်ဖြေမှုများဆောင်ရွက်ရာတွင် အသံနှင့်အရုပ်နှစ်ခုလုံး ပါဝင်ကြောင်း၊ မိမိတို့ မသိရှိသေးသည့် အကြောင်းအရာနှင့် အသိပညာဗဟုသုတများကို ထုတ်လွှင့်ပေးခြင်းသည် ပညာပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မှန်မှန်ကန်ကန်ဖြင့် ထုတ်လွှင့်နိုင်ရန်နှင့် ကျေးလက်ဒေသများရှိ ပြည်သူများပါ နားလည်နိုင်သည့် လွယ်ကူ ရှင်းလင်းသည့်ထုတ်လွှင့်မှုများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မိမိတို့ဌာန၏ လုပ်ငန်းရည်မှန်းချက်များ အောင်မြင်စေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများ အတွက် ချီးမြှင့်ငွေပေးအပ်စဉ်။

မီဒီယာလုပ်ငန်းလုပ်ကိုင်သူများ အနေဖြင့် မြန်မာနှင့် ကမ္ဘာအကြောင်း သိရှိနှံ့စပ်ကျွမ်းကျင်ရမည်

ထိုကဲ့သို့သော ပြည်သူလူထုသို့ ပြန်ကြားရေးတာဝန်များကို ထမ်းဆောင်နေကြရသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှု အခြေအနေများနှင့် ပတ်သက်၍လည်း မှန်မှန်ကန်ကန်သိရှိထားရန်လို ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ ထိုသို့ တပ်မတော်မှ နိုင်ငံတော်တာဝန်ထမ်းဆောင်မှုအပေါ် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမဲမသမာမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့မှု မရှိခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအကြောင်းကို ဘက်စုံထောင့်စုံမှ အသေးစိတ်သိရှိပြီး ယုံကြည်ချက်၊ ခံယူချက် လေးနက်စွာ ခံယူမှုရှိရမည်၊ ဗဟုသုတပြည့်စုံကြွယ်ဝပြီး စဉ်ဆက်မပြတ် လေ့လာဆည်းပူးလိုစိတ်ရှိရမည်၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်စဉ်များကို နှံ့စပ်စွာ သိရှိနားလည်ရမည်ဖြစ်ကြောင်း။

သတင်းများထုတ်လွှင့်ခြင်းနှင့် အစီအစဉ်များ ထုတ်လွှင့်ရာတွင် သွက်လက်ဖျတ်လတ်၍ နှစ်လိုဖွယ်ဖြစ်အောင် တည်းဖြတ်ခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်ရန် လိုကြောင်း၊ ထုတ်လွှင့်ခြင်း

စာမျက်နှာ ၄ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)အတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုပ်သံတိုက်ရိုက်ထုတ်လွှင့်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အသုံးပြုသည့် OB Van (Outdoor Broadcasting Van)နှင့် Uplink Vehicle ယာဉ်များကို ကြည့်ရှုစဉ်။

☆ စာမျက်နှာ ၃ မှ

လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်းဖြတ်သူ၊ ကြီးကြပ်သူများအနေဖြင့် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများအတွက် ပညာပေးအစီအစဉ်များထုတ်လွှင့်ရာတွင် ပြည်သူများ အမှန်တကယ်ပညာရရှိနိုင်သည့် ထုတ်လွှင့်မှုများ ဖြစ်ရန်လိုသဖြင့် ဂရုစိုက်ဆောင်ရွက်ရန်လိုကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေး

လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိဘာဝရပ်တည်မှုအတွက် ဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် တာဝန် ထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း၊ စိတ်သန့်သန့်ဖြင့် ဆောင်ရွက်မှသာ မိမိကိုယ်ကို ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ မီဒီယာလုပ်ငန်းများ ဆောင်ရွက်နေသူများဖြစ်သဖြင့် စည်းလုံးမှု ပိုမိုရရှိရန်လိုကြောင်း၊ မိမိတို့ လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ မတူညီသည့် ဒေသများမှ လာရောက်၍ တာဝန်ထမ်းဆောင်ကြခြင်းဖြစ်သဖြင့် မိသားစုစိတ်ဓာတ်၊ ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း။

ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သည့်လူသားအရင်းအမြစ်များ ပေါ်ထွက်လာရေး

လုပ်ငန်းအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ပြည့်ဝစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ လူသားအရင်းအမြစ်များ ပြည့်စုံစေရေးအတွက် အရင်းအမြစ်အသစ်များကို စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ရှိပြီးသား လူသားအရင်းအမြစ်များကို ပိုမို၍ ကျွမ်းကျင်သူများ ဖြစ်လာအောင် ဆောင်ရွက်ခြင်းဟူ၍ နှစ်ပိုင်းရှိရာ နှစ်ပိုင်းလုံးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ရုပ်မြင်သံကြားထုတ်လွှင့်ရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများကိုလည်း ရှိပြီးဖြစ်သည့် စက်ပစ္စည်းများကို အကောင်းဆုံးအသုံးပြုရန်နှင့် ရေရှည်ကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ ရှေးယခင်ကအသုံးပြုခဲ့သည့် စက်ပစ္စည်းများကိုလည်း ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ သမိုင်းသည် မိမိတို့အတွက် တန်ဖိုးဖြတ်၍ မရနိုင်သဖြင့် အသုံးအဆောင်ပစ္စည်းများ၊ မှတ်တမ်းမှတ်ရာ ထိန်းသိမ်းခြင်းများကိုလည်း စနစ်တကျ ဖြင့် ဆောင်ရွက်နေရန်လိုကြောင်း၊ ယခုလက်ရှိ တာဝန်ထမ်းဆောင်နေသူများသည် ပစ္စုပ္ပန်သမိုင်းကို ရေးထိုးနေကြသူများဖြစ်သဖြင့် လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့၏ ကောင်းမွန်သည့်သမိုင်းများ ကျန်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မော်ဘီ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများ အတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်မှူးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မော်ဘီ) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် ရုပ်သံတိုက်ရိုက်ထုတ်လွှင့်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အသုံးပြုသည့် OB Van (Outdoor Broadcasting Van)နှင့် Uplink Vehicle ယာဉ်များအသုံးပြုလျက်ရှိမှုအခြေအနေကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့် အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ် မြဝတီတေးဂီတအဖွဲ့၊ သံစုံတီးဝိုင်းငယ်(Mini–Orchestra)မှ အဖွဲ့သားများက တယော၊ စောင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မော်ဘီ) စက်ရုံအတွင်း လှည့်လည်၍ ပြင်ဆင်ခန်းများ၊ သတင်းထုတ်လွှင့်ခန်းများ၊ တည်းဖြတ်ခန်းများနှင့် ဂြိုဟ်တု စက်ခန်းများအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်လိုအပ်သည်များကို လုပ်ငန်းခွင်မပျက် အပိုင်းလိုက်ခွဲ၍ ပြုပြင်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မော်ဘီ)ကို ၁၉၉၀ ပြည့်နှစ် ဧပြီ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၃ ခုနှစ်၊ ဇွန် ၁၁ ရက်တွင် စတင် Analog Playout စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် မတ် ၂၇ ရက် ရွှေရတုတပ်မတော်နေ့တွင် မြဝတီရုပ်မြင်သံကြားကို တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်အဖြစ် စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် Digital Playout စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် Digital ရုပ်သံလိုင်း ခုနှစ်လိုင်းကို ထုတ်လွှင့်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အင်္ဂလိပ်ပိုင်းသတင်းနှင့် အစီအစဉ်များကို ထပ်မံတိုးချဲ့ထုတ်လွှင့် နိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်မတ် ၂၇ ရက်မ စ၍ ရုပ်သံလိုင်းများအား HD စနစ်ဖြင့် ထုတ်လွှင့်နိုင်ခဲ့ကြောင်း၊ တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်အနေဖြင့် ပြည်တွင်း၊ ပြည်ပသတင်းများ၊ ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်များ၊ ဗဟုသုတဖြစ်ဖွယ်နှင့် သုတရသဖြစ်ဖွယ် အစီအစဉ်များကို နေ့စဉ်ထုတ်လွှင့် ပြသလျက်ရှိကြောင်း၊ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မြဝတီရုပ်မြင်သံကြား) အနေဖြင့် ကြည့်ရှုသူများကို မှန်ကန်သည့်အသိအမြင်၊ အတွေးအခေါ်များ ရရှိစေရေး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ အမျိုးသားရေးအမြင် ရှိစေရေး အစဉ်ကြိုးပမ်း ထုတ်လွှင့်လျက်ရှိပြီး နိုင်ငံတော်နှင့် တပ်မတော်၏ပဓာနကျသည့် သွက်လက်ထက်မြက်သည့် မီဒီယာတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)အတွင်း လှည့်လည်ကြည့်ရှုစဉ်။

❖ **သတင်းများထုတ်လွှင့်ခြင်းနှင့် အစီအစဉ်များထုတ်လွှင့်ရာတွင် သွက်လက်ဖြတ်လတ်၍ နှစ်လိုဖွယ်ဖြစ်အောင် တည်းဖြတ်ခြင်းများကို စနစ်တကျဖြင့်ဆောင်ရွက်**

❖ **ပြည်သူများအတွက် ပညာပေးအစီအစဉ်များ ထုတ်လွှင့်ရာတွင် ပြည်သူများ အမှန်တကယ်ပညာရရှိနိုင်သည့် ထုတ်လွှင့်မှုများ ဖြစ်ရန်လိုသဖြင့် ဂရုစိုက်ဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ကောင်းမွန်သည့်စိတ်ဖြင့်သာ ခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင် မိမိကိုယ်ကို၊ မိမိတပ်မတော်အပေါ်၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရမည်

နေပြည်တော် ဇွန် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား အဆိုပါ သင်တန်းကျောင်းရှိ မြဝတီခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှုစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မော်ဘီ) ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင် တပ်စုမှူးသင်တန်းမှ သင်တန်းသူများ တက်ရောက်ကြသည်။

ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေး စနစ်တကျလေ့ကျင့်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများအဖြစ် သင်တန်းတက်ရောက်နေကြသူများသည် တက္ကသိုလ်များ၌ ဘွဲ့များရရှိခဲ့ပြီးကြသူများဖြစ်ကြသဖြင့် တက္ကသိုလ်ပတ်ဝန်းကျင် လူမှုအတွေ့အကြုံရှိပြီး လူမှုဆက်ဆံရေး အတွေ့အကြုံများစွာရှိထားပြီးသူများဖြစ်ကြောင်း၊ အသက်အရွယ်အားဖြင့်လည်း မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည့် အရွယ်များသို့ ရောက်ရှိပြီးဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများ ဖြစ်သဖြင့် ခံယူချက်များအခြေခံအားဖြင့်ကောင်းမွန်ပြီးဖြစ်ကြောင်း၊ သင်တန်းတက်ရောက်စဉ် လေ့ကျင့်ရေးကာလအတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေး စနစ်တကျလေ့ကျင့်သွားရန်လိုကြောင်း။

အခြေခံအားဖြင့် ကောင်းမွန်ပြီးဖြစ်သည့် စိတ်ဓာတ်များကို ပိုမိုကောင်းမွန်ခိုင်မာစေရေး လေ့ကျင့်တည်ဆောက်ကြရန်လိုပြီး ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိအောင်စနစ်တကျဖြင့် လေ့ကျင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ သက်လုံကောင်းစေရန်နှင့် ကြံ့ခိုင်မှုရှိစေရန် နေ့စဉ်လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း သင်ကြားလေ့ကျင့်ပေးသည့် လေ့ကျင့်ရေးဆိုင်ရာများကို ကြံ့ခိုင်သည့်စိတ်ဓာတ်များဖြင့် လိုက်ပါဆောင်ရွက်ရန် လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာ လေ့ကျင့်ရေးများ အောင်မြင်မည်ဖြစ်ကြောင်း၊ စစ်အတတ်ပညာများကို သင်ကြားပေးခြင်းသည် တိုက်ပွဲဝင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း။

ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ရမည် ဖြစ်သဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ်များကို သိရှိနားလည်ထားရန်လိုကြောင်း၊ ခေါင်းဆောင်များသည် အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာ ကောင်းရှိရမည် ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ ကိုယ်ချင်းစာမှုအပိုင်းတွင် နှစ်ပိုင်းရှိပြီး သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းဟူ၍ရှိကြောင်း၊ ရေတိုအလုပ်ဖြစ်စေရေး ကြည့်၍ သဘောကောင်းသည့် ပုံစံမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်၍ စေတနာထားဆောင်ရွက်ရန်လိုကြောင်း၊ မိမိအထက်အရာရှိများ၏ တာဝန်ထမ်းဆောင်မှုနှင့် မိမိလက်အောက်မှ အရာရှိ၊ စစ်သည်များ၏ တာဝန်ထမ်းဆောင်မှုများ၊ အခက်အခဲများကို ကိုယ်ချင်းစာစိတ်နှင့် နားလည်မှုရှိရမည် ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုတာဝန်ဟူသည် အထက်နှင့် အောက်ကိုချိတ်ဆက်ပေးရမည်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့်စိတ်ဖြင့်သာ ခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင်ကြရန်လိုကြောင်း၊ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး နောက်လိုက်ကောင်းများ ဖြစ်ရမည်ဖြစ်ကြောင်း၊ ညီညွတ်မှုတသည့် ကွပ်ကဲအုပ်ချုပ်မှုဖြင့် ခေါင်းဆောင်မှုကောင်းကို ပြသရန်လိုကြောင်း၊ စစ်ဘက်ခေါင်းဆောင်မှု ပညာရပ်များကို သင်တန်းကျောင်းမှ သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ခေါင်းဆောင်အဖြစ် တာဝန်ယူချိန်တွင် ကိုယ်တိုင် အရည်အချင်းရှိရန်နှင့် ခေါင်းဆောင်ကောင်းဖြစ်အောင် တာဝန်ထမ်းဆောင်နိုင်ရန် လိုကြောင်း၊ ခေါင်းဆောင်မှုများ လွဲမှားမှုမရှိစေရေး မိမိတို့အတွေ့အကြုံနှင့်ယှဉ်၍ သင်ကြားပေးလိုက်သည့် စစ်ဘက်ခေါင်းဆောင်မှု ပညာရပ်များကို ထိရောက်စွာ အသုံးချနိုင်ရန်လိုကြောင်း။

ယုံကြည်ချက်၊ ခံယူချက် ခိုင်မာမြင့်မားအောင်ဆောင်ရွက်

ယုံကြည်ချက်၊ ခံယူချက်နှင့်ပတ်သက်၍အခက်အခဲ၊ အကျပ်အတည်းများကြားမှ တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်သားကောင်းတစ်ဦးဖြစ်စေရေး လေ့ကျင့်ရေးကျောင်းများမှ လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ချိန်တွင် အခက်အခဲများကြုံတွေ့ရချိန်၌ တပ်မတော်သားကောင်းတစ်ဦးအဖြစ်ခံယူသည့် ယုံကြည်ချက်၊ ခံယူချက်များ ခိုင်မြဲနေရန်လိုကြောင်း၊ တပ်မတော်သားကောင်းများ ဖြစ်သည်နှင့်အညီ စစ်သားစိတ်အပြည့်ဖြင့် နေထိုင်ကျင့်ကြံကြရန်လိုကြောင်း၊ တပ်မတော်မှ နိုင်ငံ့တာဝန်ထမ်းဆောင်မှုအပေါ် တပ်မတော်သားစိတ်ဓာတ်ဖြင့် နားလည်သဘောပေါက်ရန်လိုကြောင်း၊ မိမိကိုယ်ကို၊ မိမိတပ်မတော်အပေါ်၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရမည်ဖြစ်ကြောင်း။

ရည်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းသွားကြရမည်

မျှော်မှန်းချက် ရည်မှန်းချက်များဖြင့် အမျိုးသမီးစစ်မှုထမ်းဘဝကို ဝင်ရောက်ခဲ့ကြသူများဖြစ်သဖြင့် မိမိအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများနှင့် ရဲမေများသည် နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသူများဖြစ်ကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်ဆောင်ရွက်ကြရန်နှင့် ရည်မှန်းချက်များမပျောက်ပျက်အောင် လုပ်ဆောင်ချက်များဖြင့် ထိန်းသိမ်းဆောင်ရွက်၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်ဘီတပ်နယ်အတွင်းရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

(၂၉) ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူ စာပေဆု၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ဒေါက်တာမျိုးသိန်းကျော်၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးဦးရဲတင့်၊ ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)တို့ ပခုက္ကူစာပေဆု၊ ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

နေပြည်တော် ၆နှစ် ၉

(၂၉)ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူ စာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ရှိ Horizon lake View Resort ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဒေါက်တာမျိုးသိန်းကျော်၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် ဆုရဆရာကြီး၊ ဆရာမကြီးများ၊ ပခုက္ကူစာပေဆုကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာပေကဏ္ဍအတွက် တန်ဖိုးဖြတ်၍မရနိုင်သော ပခုက္ကူ စာပေဆု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာစာပေပညာရှင်များ၏ ဝိုင်းဝန်းကြိုးပမ်းမှုများ ပါဝင်သကဲ့သို့ စာပေပညာရှင်များကို ချီးမြှင့်သည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကစာပေဆု တည်ထောင်သူများ၏ အားစိုက်ထုတ်မှုသည်လည်း အဓိကကျကြောင်း၊ ပခုက္ကူဦးအုံးဖေ စာပေဆုသည် ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့သည့် အတွက် သက်တမ်းရှည် ပုဂ္ဂလိက စာပေဆုတစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံရှိ စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြု စာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန် ရည်ရွယ်လျက် စာပေအလှူဒါန မတည်ငွေဖြင့် ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆုနှင့် စာပေဆုဘာသာရပ်လေးမျိုးကို စတင်ချီးမြှင့်ခဲ့ကြောင်း၊ ယခုအခါ တစ်သက်တာ စာပေဆုနှင့် ဘာသာရပ်ငါးမျိုးကို ဆုချီးမြှင့်လျက်ရှိကြောင်း၊ ဘဝတစ်သက်တာလုံး စာပေအကျိုးကို တစိုက်မတ်မတ် စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်ခဲ့သည့် စာရေးဆရာ၊ စာရေးဆရာမကြီးများကို တစ်သက်တာ စာပေဆုအဖြစ် ဂုဏ်ပြုချီးမြှင့်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၃၅ ဦး အထိ ရှိလာပြီဖြစ်ကြောင်း။

ပညာရေးပိုင်းမှကြည့်မည်ဆိုလျှင်လည်း ပခုက္ကူပညာရည်ချွန်ဆုရရှိခဲ့သည့် သားသမီးများသည် ယခုအခါ ပညာရပ်နယ်ပယ် အသီးသီးတွင် နိုင်ငံ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်နေကြပြီဖြစ်သည့်အတွက် အောင်မြင်မှု အသီးအပွင့်များ ဝေဆာနေပြီဖြစ်ကြောင်း။

မိတ်ဆက်ပေးနိုင်ခဲ့

စာကြည့်တိုက်လုပ်ငန်း ဖွံ့ဖြိုးရန်နှင့် စာဖတ်သူများ စာအုပ်ကောင်းများ ဖတ်ရှုနိုင်ရန် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုကိုလည်း ၂၀၁၃ ခုနှစ်က စတင်ချီးမြှင့်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် စာအုပ်ပေါင်း ၄၁ အုပ်ကို ဆုချီးမြှင့်ပြီး စာဖတ်ပရိသတ်နှင့် မိတ်ဆက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဘာသာရပ်တိုင်းတွင် ဆုရရှိသည့် စာမူလက်ရာများသည် နိုင်ငံနှင့် ပြည်သူအတွက် ရသ၊ သုတ ဖြည့်ဆည်းပေးနိုင်မည့် ဘဝလမ်းညွှန်စာမူကောင်းများ ဖြစ်ပါကြောင်း၊ ဆုရရှိသူ ဆရာ ဆရာမများအားလုံးလည်း မိမိတို့က လောင်စွမ်းဖြင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ကြပါစေ၊ ပညာရည်ချွန်ဆု ရရှိကြသည့် သမီးငယ်များ သည်လည်း အနာဂတ်တွင် တိုင်းပြည်နှင့် လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာဉာဏ်စွမ်းဖြင့် ကြိုးစားဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်း အပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ဆုချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)နှင့် ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး) တို့အား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝတ္ထုရှည် ပထမဆုရမောင်ငြိမ်းမွန် (ချောင်းဦး)၊ ဒုတိယဆုရ ပုသိမ်အောင်သန်းဦးနှင့် တတိယဆုရ ဘိုမျိုး(ရွှေဘို)တို့ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဝတ္ထုတို ပထမဆုရ စိုးမြင့်(စက်မှုတက္ကသိုလ်)၊ ဒုတိယဆုရ သက်နင်းညိုနှင့် တတိယဆုရ ကိုကေအီး(နိဗ္ဗာန်) တို့ကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ကျမ်းစာပေပထမဆုရ မောင်မြကျော်၊ ဒုတိယဆုရ ကျော်သက်ခိုင်(ဝုံရွာ)နှင့် တတိယဆုရ သိဒ္ဓိမောင်ဒွေးတို့ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phangနော်တောင်က သုတေသနစာပေ ပထမဆုရ တင်တော်၊ ဒုတိယဆုရ ဒေါက်တာခင်စန်းရီနှင့် တတိယဆုရ မင်းသူရိန် (ထားဝယ်)တို့ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးရဲတင့်က (၂၉) ကြိမ်မြောက် ပညာရည်ချွန်ဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန ဒုတိယနှစ်ကျောင်းသူ မခိုင်သဇင်သိန်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ရုပ်ရှင်နှင့်ပြဇာတ် ပညာဌာန ဒုတိယနှစ်ကျောင်းသူ မမြတ်ရွှေစင်မှူးတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ကဗျာပေါင်းချုပ် ပထမဆုရ ဌေးသစ်လွင်(ပရိမ္ဘ)၊ ဒုတိယဆုရ ချစ်စုအောင်နှင့် တတိယဆုရ ခက်ဇော်(ကဗျာ) တို့ကိုလည်းကောင်း၊ ပခုက္ကူ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးသိန်းခိုင်ဦးက ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုရ MP Maung Myint၊ အောင်တိုး (စိန်ခြယ်)နှင့် ဦးမြင့်နိုင်တို့ကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)အား ဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် (၂၉)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ တစ်သက်တာဆုရ ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပခုက္ကူ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းခိုင်ဦးက ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်နှင့် စာပေအတွက် အကျိုးပြုပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌတို့သည် ပခုက္ကူ စာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

၁၇ ဆုကို ချီးမြှင့်နိုင်ခဲ့

ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆု အပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတို ပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၇ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီး ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆု သုံးဆုနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆု နှစ်ဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုအား စာပေပညာရှင်ကြီးများ လေ့လာဖူးမြော်ကြည်ညိုကြစဉ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် စာပေပညာရှင်ကြီးများက အလှူငွေပေးအပ် လှူဒါန်းစဉ်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုအား စာပေပညာရှင်ကြီးများ လေ့လာဖူးမြော်ကြည်ညိုကြ

နေပြည်တော် ဇွန် ၉

(၂၉)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည့် စာပေပညာရှင် ဆရာကြီး ဆရာမကြီးများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုအား လေ့လာဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ စာပေပညာရှင် ဆရာကြီး ဆရာမကြီးများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃/၄)တို့အား ထုဆစ်ခြင်း၊ ပလွင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက် တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပြီးစီးမှု၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေပညာရှင်ကြီးများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် စုပေါင်းလှူဒါန်းငွေကျပ် ၂၁၀၀၀၀ အား လှူဒါန်းကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း ရှိသာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုများကို လှည့်လည် လေ့လာကြည့်ရှုကြသည်။ **သတင်းစဉ်**

ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်းအမှတ်စဉ် (၂၉) နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာပေးသင်တန်းအမှတ်စဉ် (၁၆) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၉

ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်သင်တန်းအမှတ်စဉ် (၂၉)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အခြေခံပညာပေး သင်တန်းအမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်အမျိုးပြုသော ဆရာတော်ကြီး များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများ၊ နယ်စပ်နှင့် တောင်တန်းဒေသများမှ သင်တန်းသား ရဟန်းတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓေဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

သြဝါဒကထာ မြွက်ကြား

ယင်းနောက် ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တမဟာထေရ်မြတ်က "တရား, လ, နေ ဤသုံးထွေ ဖုံးလေကျိုးမရှိ" ဟူသောဆောင်ပုဒ်ကို လက်ကိုင်ပြု၍ ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယဆရာတော်ကြီးများ၊ ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော် သင်တန်းအမှတ်စဉ် (၂၉)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အခြေခံပညာပေး သင်တန်း အမှတ်စဉ် (၁၆) သင်တန်းသားရဟန်းတော်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ဗုဒ္ဓ၏တရားတော်များကို မြေပြန့်မှသည် တောင်တန်း၊ ပြည်မမှသည် နယ်စပ်၊ ပြည်တွင်းမှသည် ပြည်ပသို့ အရောက်ပို့ပြီး တရားလမင်းထိန်ထိန်လင်းအောင် ကျန်းမာချမ်းသာစွာဖြင့် ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်နိုင်ကြပါစေလို့ ဆန္ဒပြုကြောင်း သင်တန်းဆင်းသြဝါဒကထာ မြွက်ကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သာသနာရေး ဆိုင်ရာများကို လျှောက်ထားပြီး ပင့်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ချီးမြှင့်ပေးအပ်

ဆက်လက်၍ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓေ ဘဒ္ဒန္တ ဣန္ဒေါဘာသ မဟာထေရ်မြတ်က သာသနာပြုသင်တန်းဆင်း လက်မှတ်များကို သင်တန်းသား ရဟန်းတော်များကိုယ်စား သင်တန်းသား ရဟန်းတော်တစ်ပါးထံ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက နယ်စပ်နှင့် တောင်တန်းဒေသရှိ သာသနာပြုဌာနများသို့ ပြန်လည်ကြွရောက်မည့် သင်တန်းဆင်း သာသနာပြု ရဟန်းတော် ၄၁ ပါးတို့အား ဗုဒ္ဓရုပ်ပွားတော် ၈၄၅ ဆူနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က သင်တန်းနည်းပြဆရာများကို ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

အနုမောဒနာတရားနာကြား

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓေ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကျောင်း ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ကြီးများနှင့် သင်တန်းသား၊ ရဟန်းတော်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။ **သတင်းစဉ်**

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇွန် ၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆန်တန်းကျောင်းသစ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ကျုံစုရွှေရင်အေးကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလဲကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ စန်းမြရောင်ခြည်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ငြိမ်းချမ်းရေးကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မိုးကုတ်ရိပ်သာ(မြောက်) ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဘုရားကြီးအနောက်ကျောင်းတိုက်၊ လားရှိုးမြို့နယ်ရှိ စိတ္တသုခကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မဟာရံသီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မုတ်သုံဝင်ရောက်မှုကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် မိုးသက်လေပြင်းများ တိုက်ခတ်ပြီး လှိုင်းကြီးနိုင်သည့်အတွက် ရာသီဥတုအခြေအနေနှင့် မိုးလေဝသသတိပေးချက်များကို အချိန်ပြည့်စောင့်ကြည့်

စစ်တွေ ဇွန် ၉

စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ကုလားတန် ဘက်စုံသုံးဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် သင်္ဘောကြီးများပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများချနေမှုနှင့် စစ်တွေကမ်းနားလမ်း တစ်လျှောက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် MCL-3၊ MCL-5 နှင့် CHARITES သင်္ဘောများပေါ်မှ အမိုးသွပ်၊ သစ်ခွဲသား၊ အုတ်နှင့် ဘိလပ်မြေများကို မော်တော်ယာဉ်များ ပေါ်သို့ တင်ဆောင်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မုတ်သုံ ဝင်ရောက်မှုကြောင့် ပင်လယ်ကမ်းရိုးတန်း ဒေသများတွင် မိုးသက်လေပြင်းများ တိုက်ခတ်ပြီး လှိုင်းကြီးနိုင်သည့်အတွက် ရာသီဥတုအခြေအနေနှင့် မိုးလေဝသ သတိပေးချက်များကို အချိန်ပြည့်စောင့်ကြည့်ပြီး လိုအပ်ပါက သင်္ဘောများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းသွားရန်၊ ရာသီဥတုအခြေအနေပေါ်မူတည်၍ ရေစိုခံသည့်ပစ္စည်းများကို ဦးစားပေးတင်ဆောင်ရန်၊ ရေစိုမခံသည့်ပစ္စည်းများကို အမိုးအကာများ ဖုံးအုပ်၍ ပျက်စီးလေလွင့်မှုမရှိအောင် စနစ်တကျထားရှိရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဆိပ်ကမ်း၌ လုပ်အားပေး ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ အလှည့်ကျစနစ်ဖြင့် အနားပေးသွားရန်၊ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေး လိုအပ်ချက်များကို စနစ်တကျကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့ ကမ်းနားလမ်းတစ်လျှောက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရာသီဥတုအခြေအနေကြောင့် ဒီရေမြင့်တက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ စစ်တွေမြို့ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်းတွင် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ သင်္ဘောပေါ်မှချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယာယီသစ်ခွဲစက်များဖြင့် ခွဲစိတ်

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် ဒေသတွင်းနှင့် အခြားဒေသများမှသစ်များကို စစ်တွေမြို့သို့သယ်ယူပြီး ယာယီသစ်ခွဲစက်များဖြင့် ခွဲစိတ်၍ လိုအပ်ချက်ရှိသည့်နေရာဒေသများသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ စုစုပေါင်း ရောက်ရှိသစ်ခွဲသားနှင့် ခွဲစိတ်ပြီးသစ် ၁၃၆၉ တန်၊ ဖြန့်ခွဲပြီးသည့် သစ်ခွဲသား ၇၅၈ တန် ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် သစ်ခွဲသားများကိုလည်း လိုအပ်သည့်နေရာများသို့ ဆက်လက်ဖြန့်ခွဲပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် အတွင်း ဆက်သွယ်ရေး အော်ပရေတာ လေးခု၏ မိုဘိုင်းစခန်း စုစုပေါင်း ၁၂၃၃ စခန်းရှိသည့်အနက် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် မိုဘိုင်းစခန်း ၉၀၄ စခန်း ဆက်သွယ်မှု ပြတ်တောက်ခဲ့ပြီး ကျန်စခန်း ၃၂၉ ခုဖြင့်သာ ဝန်ဆောင်မှုပေးခဲ့ရာမှ ပြတ်တောက်သွားသော မိုဘိုင်းစခန်းများဆက်သွယ်မှု ပြန်လည်ရရှိရေးအတွက် မိုက်ခရိုဝေ့ဗ် အင်တာနာများ တပ်ဆင်ခြင်း၊ ချိန်ညှိခြင်းနှင့် စက်ပစ္စည်းများ စစ်ဆေးခြင်း၊ အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဇွန် ၉ ရက်အထိ မိုဘိုင်းစခန်း စုစုပေါင်း ၈၈၂ စခန်း ပြန်လည် ပြုပြင်နိုင်ခဲ့သဖြင့် စုစုပေါင်း မိုဘိုင်းစခန်း ၁၂၁၁ စခန်း ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၂၂ ရာခိုင်နှုန်းဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည် ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် ယာယီသစ်ခွဲစက်များဖြင့် သစ်များခွဲစိတ်နေစဉ်။

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တာဝါတိုင်အား ပြန်လည်ပြုပြင်ပြီးစီးသည်ကို တွေ့ရစဉ်။

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၉

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်း ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပြန်လည်ပေးအပ်

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စေတနာရှင် အလှူရှင်များဖြစ်သည့် သူရဦးဘိုရီ (ခြူးနဂါးဆေးပေါ့လိပ်) မိသားစုက အလှူငွေကျပ်သိန်း ၂၀၀၊ ဦးအောင်မျိုးဟိန်းမိသားစုက အလှူငွေကျပ် သိန်း ၁၀၀၊ ဦးစိုးဝင်းထွန်းမိသားစုက အလှူငွေကျပ်သိန်း ၅၀၊ West Corporation Japan က အလှူငွေကျပ်သိန်း ၅၀၊ ဗိုလ်သင်တန်း အမှတ်စဉ်(၆၆)မှ အရာရှိများက အလှူငွေကျပ်သိန်း ၄၀၊ ဦးသန့်ဇင်(သုခကမ္ဘာဆေးခန်း)မိသားစုက အလှူငွေကျပ် ၁၀ သိန်းနှင့် အခြားစေတနာရှင်အလှူရှင်များက အလှူငွေများနှင့် စားသောက်ကုန်ပစ္စည်းများအားပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ဇနီး ဒေါ်ကေသွယ် မိသားစုက ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေကျပ် ၄၅ သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် One Stop Service – OSS လုပ်ငန်းဆောင်ရွက်နေမှု သွားရောက်ကြည့်ရှု

ရန်ကုန် ၆နိ် ၉

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှူဦးစီးဌာနသို့သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဌာန၏ ဝန်ထမ်းများသည် ရင်းနှီးမြှုပ်နှံမှုမှ တစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အရေးပါသည့် အခန်းကဏ္ဍမှ တာဝန် ထမ်းဆောင်နေရသည့် အားလျော်စွာ ဝန်ထမ်းများ၏ တစ်ဦးချင်း စွမ်းဆောင်ရည် ကောင်းမွန်ရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှူဦးစီးဌာနရှိ ဌာနခွဲများ၏ ဝန်ဆောင်မှုပေးနေမှု၊ ရုံးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရုံးစာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များ စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ အသိပညာမျှဝေဆွေးနွေးခြင်း ဆွေးနွေးပွဲအမှတ်စဉ် (၁၆)သို့ အွန်လိုင်းမှတစ်ဆင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှူဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတောက်အောင်၏ "Investor Targeting and Lead Generation"ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြမှုကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ရုံး၌ တစ်စုတစ်စည်းတည်း အလုံးစုံ ဝန်ဆောင်မှုပေးသည့်အဖွဲ့ (One Stop Service – OSS)မှ တာဝန်ရှိသူများကို တွေ့ဆုံပြီး လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာနအချင်းချင်း ပူးပေါင်း၍ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး၊ ဥပဒေ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ ဆောင်ရွက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအသိုက်အဝန်း၏ ယုံကြည်အားကိုးရသည့် မိတ်ဖက်ဌာနများ ဖြစ်စေရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားကာ One Stop Service – OSS ဌာန လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ၆နိ် ၉

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စွမ်းစွမ်းတမံ ဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် သမဝါယမနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျ ထွန်းကားစေရေး၊ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်များ အရည်အသွေးပြည့်မီစွာ စျေးကွက်တင်ပို့နိုင်ရေးအတွက် ကျေးရွာနှင့် မြို့ပြ ချိတ်ဆက်သော လမ်းများ၊ ကျေးရွာတွင်ရှိသည့် စျေးကွက်နှင့် ချိတ်ဆက်သော လမ်းများ စသည့်ကျေးလက်လမ်းကွန်ရက်များ ချိတ်ဆက်ရန် လိုအပ်လျက်ရှိပြီး ဝန်ထမ်းများအားလုံး နားလည်သဘောပေါက်ကာ တာဝန်ကျေပွန်စွာ စွမ်းစွမ်းတမံ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကျေးလက်နေပြည်သူများ၏ ကျေးလက်လမ်းတံတားလိုအပ်ချက်များ တင်ပြလာမှုကို အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မဟာဗျူဟာရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် ရာသီမရွေးဆက်သွယ်သွားလာနိုင်သောလမ်းများ ဖြစ်ပေါ်အသုံးပြုနိုင်ရေးအတွက် အလေးထားစီမံဆောင်ရွက်သွားရန်နှင့် ကျေးလက်လမ်းနှင့် တံတားများ စီမံဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ စျေးကွက်နှင့် အခြားဝန်ဆောင်မှုများအပြင် နိုင်ငံအဝန်းဖွံ့ဖြိုးရေးဆိုင်ရာ ကန့်သတ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တီထွင်ကြံဆ ကြိုးပမ်းလုပ်ဆောင်ကြရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီတင်ပြပြီး ပူးပေါင်းညှိနှိုင်း ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါစည်းကမ်းများ၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများ၊ သတ်မှတ်စံချိန်စံညွှန်းများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မူဝါဒဖြစ်သည့် ကျေးလက်လမ်းနှင့် တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဝန်ထမ်းအားလုံးက အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

ရန်ကုန် ၆နိ် ၉

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး "အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ"မှ ထုတ်ဝေသော အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့နံနက် ၁၀ နာရီက လူစည်ကားရာ စျေးများ၊ ကားမှတ်တိုင်များနှင့် အရောင်းဆိုင်များ၊ အလုပ်ရုံများသို့ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ကလေးသူငယ်များအား လုပ်ကိုင်ခွင့်မပြုသည့်နေရာများ၊ ကလေးသူငယ်များအား ခိုင်းစေခြင်းမပြုမည့် အလုပ်များ၊ လုပ်ငန်းပိုင်ရှင်များအနေဖြင့် ကလေးများကို မည်သို့ ကာကွယ်စောင့်ရှောက်ပေးနိုင်သနည်း၊ မည်သည့်အလုပ်မျိုးမဆို အသက် ၁၄ နှစ်အောက် ကလေးများအား လုပ်ကိုင်ခွင့်မပြုရန် ဥပဒေများက တင်းကျပ်စွာတားမြစ်ပါမည် စသည့်ခေါင်းစဉ်များဖြင့် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဧနှစ် ၉ ရက်က ကျောင်းကွင်းကျေးရွာအုပ်စုရှိ တောင်မြန်အောင် တိုးချဲ့သစ်တောကြိုးဝိုင်း အကွက်အမှတ်(၂၁)တွင် ကျင်းပရာ ကျွန်း၊ ပျဉ်းကတိုး၊ ရေတမာ၊ မျောက်ငိုး၊ မန်ဂျန်ရှား၊ ခရေ အပင်စုစုပေါင်း ၁၃၀၀ ကျော် စိုက်ပျိုးခဲ့ကြစဉ်။

အင်္ဂပူ(ပြန်/ဆက်)

ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် ၆နိ် ၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် လော်ပန်ဘီစကွတ်မုန့်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အင်းစိန်ခရိုင် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်စိုးတို့က ကလေးအလုပ်သမားအမိပ္ပာယ်၊ကလေးအလုပ်သမားဖြစ်ပေါ်သည့်အကြောင်းရင်း၊ ဤဦးစီးဌာနမှ ကလေးအလုပ်သမားများအတွက် ကာကွယ်ပေးထားသည့် ရပိုင်ခွင့်များ၊ ကလေးအလုပ်သမားများခိုင်းစေလျှင် ကျခံရနိုင်သည့် ပြစ်မှုပြစ်ဒဏ်များနှင့် ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်နေမှုများ စသည်တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြင့်ဦး

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ဟောပြောဆွေးနွေးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ဟောပြောဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာနခွဲ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စက်မှုဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ဟောပြောပွဲသို့ တက်ရောက်လာကြသော အရာရှိကြီးများသည် ဝန်ထမ်းအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်ရေးလုပ်ငန်းများကို လက်တွေ့တာဝန်ယူဆောင်ရွက်နေကြသူများဖြစ်သဖြင့် အရာရှိကြီးများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ကို ကောင်းစွာသိရှိနားလည်ပြီး ပြောင်းလဲလာသော ခေတ်မီနည်းပညာ၊ အတတ်ပညာများကို အမြဲလေ့လာဆည်းပူးကြရန်နှင့် မိမိတို့လက်အောက်ရှိ ဝန်ထမ်းများကို ပြောင်းလဲတိုးတက်လာသည့် ခေတ်မီနည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ဆွေးနွေးပွဲ၌ အမှာစကား ပြောကြားစဉ်။

နိုင်စေရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အရာထမ်းကြီးများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိလက်အောက်ဝန်ထမ်းများကိုလည်း သင်ကြားပြသလမ်းညွှန်မှုပြုရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ထားရှိသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို တိကျစွာလိုက်နာကြရမည်ဖြစ်ပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ထားသည့် ရုံးလုပ်ငန်းလက်စွဲကို လက်ကိုင်ပြုထားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန်က နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ ဝန်ထမ်းရေးရာ ဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၃)ကျင်းပ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်

နေပြည်တော် ဇွန် ၉

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၃) ကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက သက်ဆိုင်ရာနယ်မြေများမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် အရေးကြီးဆုံးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အဓိကကျသည့် တိကျမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကောက်ယူရရှိသည့် စာရင်းဇယား၊ အချက်အလက်များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် မှတ်တမ်းများစုစည်း၍ လဝကမြို့နယ်ရုံးများရှိ ရုံးလက်ခံများနှင့် တိုက်ဆိုင်စိစစ်ပြီး လက်ရှိအခြေအနေတွင် e-ID Server အတွင်း အွန်လိုင်းမှ တစ်ဆင့်ထည့်သွင်းကာ အချက်အလက်ကွဲလွဲမှုများ အပေါ် ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လုံခြုံရေးအခြေအနေကြောင့် ကောက်ယူရန် ကျန်ရှိသည့် မြို့နယ်အချို့ကိုလည်း ဆက်လက်ကွင်းဆင်းကောက်ယူဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် မေ ၃၁ ရက်အထိ စာရင်းကောက်ယူမှုအနေဖြင့် e-ID Software ဖြင့်ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးကောက်ယူခဲ့သည့် အိမ်ထောင်စု ၁၁ ဒသမ ၉ သန်းကျော်၊ လက်ရှိဒေသ၌ အိမ်ထောင်စု စာရင်းမရှိသဖြင့် အလွတ်ပုံစံများဖြင့်ကောက်ယူခဲ့သည့် အိမ်ထောင်စု ၂ ဒသမ ၈ သန်းကျော် စုစုပေါင်းအိမ်ထောင်စု ၁၄ ဒသမ ၈ သန်းကျော် ကောက်ယူပြီးစီးပြီးဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၉၂ ရာခိုင်နှုန်းပြီးစီးပြီးဖြစ်ပါကြောင်း။

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရာတွင် တစ်ပါတည်းကောက်ယူခဲ့သည့် မသန်စွမ်း ငါးမျိုးလူဦးရေ နှစ်သိန်းကျော်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သက်ဆိုင်ရာခရိုင်ဦးစီးမှူးရုံးများသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အိမ်ထောင်စုလူဦးရေ စာရင်းတွင် အမတလက်မှတ်ကိုင်ဆောင်ထားသူများ၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ် အထက်ရှိသည့် မည်သည့်ကတ်ပြားမျှ ကိုင်ဆောင်ထားခြင်းမရှိသူများ၊ အမည်၊ မွေးသက္ကရာဇ်အစရှိသည့် အချက်အလက်ကွဲလွဲနေသူများအား စနစ်တကျ တိုက်ဆိုင်စိစစ်ပြီး ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

ယခင်အစည်းအဝေး ဆုံးဖြတ်ချက်အရ မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် စာရင်းများကို သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများရှိ စာရင်းများနှင့် တိုက်ဆိုင်စိစစ်ပြီး e-ID Server အတွင်းရှိ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်၊ ပြင်ဆင်ဖြည့်စွက်ပြီးဖြစ်သည့် လူဦးရေစာရင်းအား မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွဲ့စည်းထားသည့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များက စိစစ်အတည်ပြုထားကြရန် လိုအပ်ပါကြောင်း၊ ကော်မတီအဆင့်ဆင့် စိစစ်အတည်ပြုပြီးသည့်စာရင်းများကို ဗဟိုကော်မတီမှ တစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်လက်တင်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပန်းခင်းစီမံချက်အဆင့်(၁)ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် မေ ၃၁ ရက်အထိ ၉၆ ဒသမ ၇၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီး ပန်းခင်းစီမံချက်အဆင့်(၂)ကို ၂၀၂၂ ခုနှစ် သြဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်အထိ ၄၉ ဒသမ ၁၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသည်ကို တွေ့ရှိရပါကြောင်း၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်အနေဖြင့် မပြီးပြတ်သေးသည့်လုပ်ငန်းများကို အမြန်ဆုံးပြီးပြတ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ယခုအစည်းအဝေးတွင် ကွင်းဆင်းကောက်ယူပြီးစီးသည့် စာရင်းများကို စိစစ်၍ e-ID Server အတွင်းသို့ ထည့်သွင်းပြီးစီးမှုနှင့် စာရင်းများ အတည်ပြုအပ်နှံနိုင်ရေးအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြစေလိုပါကြောင်းပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရန် ကျန်ရှိနေသည့်ဒေသများနှင့် ဆက်လက်ကွင်းဆင်း ကောက်ယူသွားမည့်အစီအစဉ်များ၊ ကောက်ယူပြီးစာရင်းများအား လဝကမြို့နယ်ဦးစီးမှူးရုံးများတွင် e-ID Software ဖြင့် အချက်အလက်များ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်နေမှုနှင့် ယာယီနေထိုင်သူများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်မည့်အခြေအနေ၊ ဗဟိုကော်မတီမှ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် ဌာနအလိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေစာရင်း ပြုစုနိုင်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ယခုလုပ်ငန်းစဉ်များအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

မူပိုင်ခွင့်ဦးစီးဌာန၏ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်)ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၏ အောက်မြန်မာပြည်ရုံးခွဲ(ရန်ကုန်) ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါရုံးခွဲ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြားသည်။

မျှော်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိ

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် "စီးပွားရေးဂေဟာစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်လာစေရန်" မျှော်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း တရားဝင်လက်ခံခြင်းကို ၂၀၂၃ ခုနှစ် ဧပြီ ၂၆ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး လျှောက်ထားချက်များလက်ခံခြင်းကို အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဖြင့်လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့ရှိ လျှောက်လွှာလက်ခံမည့် ဌာနများမှတစ်ဆင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မူပိုင်ခွင့်ဥပဒေ(၄)ရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ပြီးနောက် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် အာဏာသက်ဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိတွင်မှုမူပိုင်ခွင့်ဥပဒေကိုလည်း ၂၀၂၄ ခုနှစ်တွင် အာဏာတည်နိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်အောင်မြင်စွာ ဖြစ်ထွန်းပေါ်ပေါက်ရေးကို အလေးထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အောက်မြန်မာပြည်ရုံးခွဲကို ဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ဒေသရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်(MSME)များသည် မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့် အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်ခြင်းကို လွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို ကူညီဆောင်ရွက်နိုင်ရန်အတွက် Help Deskကောင်တာများကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အတွက် မှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုအပ်သည်များကို စုံစမ်းမေးမြန်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း။

နိုင်ငံတော်အနေဖြင့် မူပိုင်ခွင့်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းစနစ်ကို စနစ်တကျကျင့်သုံးခြင်းဖြင့် မျှတသောစျေးကွက်ယှဉ်ပြိုင်မှုကို ဖြစ်ထွန်းစေပြီး ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိပြီး နာမည်ထင်ရှားကျော်ကြားသည့် ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်ပေးနိုင်ခြင်းဖြင့် နိုင်ငံတကာစျေးကွက်အထိ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်စနစ်ကြောင့် ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝကို ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည့် ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ရောင်းဝယ်ဖောက်ကားမှုများ ခေတ်စားလာသည့်အတွက် ဆန်းသစ်တီထွင်မှုများကို အကာအကွယ်ပေးသည့် မူပိုင်ခွင့်ကဏ္ဍသည် ပိုမိုအရေးပါလာကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများတွင် မူပိုင်ခွင့်စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြကြောင်း၊ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်နှင့် စီးပွားရေးလောကတွင် လိမ်လည်လှည့်ဖြားမှုကင်းပြီး မျှတညီညွတ်သော ဝန်းကျင်ကောင်းတစ်ခုကို ဖော်ဆောင်နိုင်မှုဖြစ်ပြီး ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ၏ ခိုင်မာသော ရင်းနှီးမြှုပ်နှံမှုကို အာမခံချက်ပေးလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မူပိုင်ခွင့်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က အောက်မြန်မာပြည်(ရန်ကုန်)ရုံးခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ "Shaping the Future" ပညာရေးဖိုရမ် တက်ရောက်

နေပြည်တော် ဇွန် ၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယမန်နေ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့ IT Park ၌ ကျင်းပသော "Shaping the Future" ပညာရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်က virtual စနစ်ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မျက်နှာစုံညီအစည်းအဝေး Plenary Session ပထမပိုင်းနှင့် ဒုတိယပိုင်း အစီအစဉ်များကို တက်ရောက်သည်။

သွားရောက်တွေ့ဆုံ

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် Federal University တွင် ရုရှားဖက်ဒရေးရှင်း သိပ္ပံနှင့် အဆင့်မြင့်ပညာဆိုင်ရာ ပညာရေးဝန်ကြီး FALKOV Valeriy၊ ဒုတိယဝန်ကြီး MOGILEVSKIY KONSTANTIN၊ Kazan Federal University မှ ပါမောက္ခချုပ် SAFIN Lenar၊ TERASHKEVICH Sergey(Deputy Director of the Department of International Cooperation of the Ministry of Education)၊ SHUMEYKINA Margarita(Counsellor of the Department of International Cooperation) တို့နှင့် သွားရောက်တွေ့ဆုံကာ ပညာသင်ဆုပေးအပ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၏ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ဆရာအတတ်ပညာကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Kazan Palace ဟိုတယ်၌ တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် Naypyitaw State Academy တွင် ပညာသင်ယူနေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီခွဲတွင် Naypyitaw State Academy သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ ဒုတိယနှစ်ဝက် ပညာသင်ကာလအစကတည်းက အပတ်တကုတ် သင်ယူ

လေ့လာကြစေလိုကြောင်း၊ ဆရာ ဆရာမများ သင်ကြားသည်ကို နားလည်သည်အထိ သင်ယူမှတ်သားရမည်ဖြစ်သကဲ့သို့ အင်တာနက်နှင့် စာကြည့်တိုက်မှ ဖြည့်စွက်လေ့လာကြရမည်ဖြစ်ကြောင်း၊ ဘဝရည်မှန်းချက်ပန်းတိုင်ချမှတ်ပြီး ရည်မှန်းချက်ပေါက်မြောက်အောင် ကြိုးစားလျှင် အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အားကစားခန်းမသို့သွားရောက်ကာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ပံ့ပိုးထားသော အားကစားပစ္စည်းများကို ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် လာရောက်ကစားမှုများကို အားပေးရန်မှာကြားကာ စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးကာ ကျောင်းသား ကျောင်းသူများအား အမှန်တကယ် ထူးချွန်ထက်မြက်အောင် သင်ကြားလေ့ကျင့်ပေးရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မုဒုံမြို့နယ်၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်း ဖွင့်လှစ်

မုဒုံ ဇွန် ၉

မွန်ပြည်နယ် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းဖွင့်ပွဲကို ဇွန် ၆ ရက်က မြိုင်ကုန်းကျေးရွာရှိ နဂါးမောက်ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းယုက အမှာစကားပြောကြားသည်။ ထို့နောက် မုဒုံမြို့နယ်တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများအား ပေးအပ်သည်။

သင်တန်းတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ နည်းပြသုံးဦးက အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းစာတွေ၊ လက်တွေ့များကို သင်တန်းသား ၂၀ အားရက် ၂၀ ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တစ်နှစ်တာအတွင်း အားကစားလှုပ်ရှားဆောင်ရွက်မှု အမြင့်မားဆုံးဆုများ ချီးမြှင့်

နေပြည်တော် ဇွန် ၉

၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း အားကစားလှုပ်ရှားဆောင်ရွက်မှု အမြင့်မားဆုံးဆုများနှင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံ) ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

မျိုးဆက်သစ်များ ပေါ်ထွက်ခဲ့

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားအောင်မြင်မှု မြင့်မားရေးအတွက် နိုင်ငံတော်၏ နေ့ကြီးနေ့ရက်များဖြစ်သည့် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ တပ်မတော်နေ့၊ အလုပ်သမားနေ့ စသည့်နေ့များတွင် လူထုအားကစားလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားကစားဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် အရည်အချင်းပြည့်ဝသည့် အားကစားသမားများပေါ်ထွက်လာပြီး နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင်လည်း အားကစားလေ့ကျင့်ချိန် (P.T)ချိန်သတ်မှတ်ပြီး ကြိုက်နှစ်သက်ရာ အားကစားနည်းတစ်ခုခုကို လေ့လာလိုက်စားနိုင်ခြင်း၊ စာသင်ကျောင်းများတွင်လည်း အားကစားနည်းအလိုက် ပြိုင်ပွဲများကျင်းပပေးပြီး ကျောင်းလက်ရွေးစင်များရွေးချယ်ခြင်း၊ အခြေခံကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ တက္ကသိုလ်/ကောလိပ်များတွင် မေဂျာအလိုက် အားကစားပြိုင်ပွဲများကျင်းပပြီး လက်ရွေးစင်ရွေးချယ်ကာ ကျောင်းသား အားကစားပွဲတော်များမှတစ်ဆင့်တက္ကသိုလ်/ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများအထိ ကျင်းပပေးခဲ့သည့်အတွက် မျိုးဆက်သစ်များ ပေါ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း။

အလားတူ ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရေး၊ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ အားကစားအခြေခံသင်တန်းများကို အင်ပြည့်အားပြည့် ဖွင့်လှစ်နိုင်ရေး၊ Physical Fitness Dance စုပေါင်းလှုပ်ရှားမှုများယှဉ်ပြိုင်နိုင်ရေး၊ ဟောပြောပွဲများနှင့် သရုပ်ပြပွဲများ လက်ကမ်းစာစောင်များ ဖြန့်ဝေနိုင်ရေး၊ အားကစားသိပ္ပံကျောင်းများသို့ အရည်အချင်းမီသည့် သင်တန်းသား သင်တန်းသူများပေးပို့နိုင်ရေး၊ Youth Camp နှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များသို့ လူငယ်လက်ရွေးစင်များ ရွေးချယ်ပေးပို့နိုင်ရေး စသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ဦးစီးဌာနမှ စောင့်ကြည့်မှတ်တမ်းတင်ထားရှိပြီး မိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်း အားကစားလှုပ်ရှားမှုအများဆုံး ကြိုးပမ်းအကောင်ထည်ဖော်ဆောင်ရွက်နေသည့် ခရိုင်၊ မြို့နယ်များကိုလည်း လေးလတစ်ကြိမ် စိစစ်ဖော်ထုတ်ပြီး အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ပေးစေလိုကြောင်း၊ မြန်မာအားကစားတိုးတက်မြင့်မားစေရေးအတွက် လမ်းညွှန်ချက်များ အတိုင်း တက်ကြွစွာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များကိုစိစစ်ပြီး ယခုလိုဂုဏ်ပြုချီးမြှင့်ပေးခြင်းဖြစ်ကြောင်း။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိစေရေး၊ ထူးချွန်ထက်မြက်သည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်လာစေရေးအတွက် အားကစားလှုပ်ရှား ဆောင်ရွက်မှုများကို တာဝန်သိစိတ်ဖြင့်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပါဝင်လာစေရန် လူအား၊ ကလောင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအားကစားမီဒီယာများ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဥာဏ်ထွန်းက ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာဆုများ ရွေးချယ်ခဲ့ခြင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်စေရေးအတွက် လူထုအားကစားကဏ္ဍ အရေးပါပုံများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့ကလည်းကောင်း၊ ဝတ္ထုတို ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးမောင်မောင်သန်းနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့ကလည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်တို့ကလည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း အားကစားလှုပ်ရှားဆောင်ရွက်မှု အမြင့်မားဆုံးဆု (မြို့နယ်အဆင့်) အထူးဆုရရှိခဲ့ကြသည့် မြို့နယ်များကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းကလည်းကောင်း၊ မြို့နယ်အဆင့် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသည့် မြို့နယ်များကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ အားကစား မီဒီယာများအဖွဲ့ချုပ်နှင့် ၂၀၂၂ ခုနှစ် မလေးရှားနိုင်ငံ မလက္ကာမြို့တွင် ကျင်းပခဲ့သည့် အလွတ်တန်းစကိတ်အမြန်စီးပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုစီ ရရှိခဲ့ကြသည့် အားကစားသမားနှစ်ဦးတို့အား ဂုဏ်ပြုဆုဖလား (Trophy) များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ဆုရရှိကြသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မော်ဘီမြို့နယ်၌ ကလေးအလုပ်သမားများဆိုင်ရာ အသိပညာပေးဆွေးနွေး

မော်ဘီ ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခွဲကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မော်ဘီမြို့နယ် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စိုးသူက ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ၊ ခွင့်ရက်နှင့် အလုပ်ရုံပိတ်ရက် အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် အလုပ်ဌာနများဥပဒေ၊ အခကြေးငွေပေးချေရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ၂၀၁၉ ခုနှစ် ကလေးသူငယ်များအား လုပ်ကိုင်ခွင့် မပြုသည့်နေရာများနှင့် ကလေးသူငယ်များအား ခိုင်းစေခြင်း မပြုရမည့် အလုပ်များ စသည့်အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးခဲ့သည်။ **ဥာဏ်ဟိန်း**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ နိုင်ငံစီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့် လုပ်ငန်းရှင်များအား မတည်ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

(၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

ပုသိမ် ဇွန် ၉

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၆ ရက်က ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဌာနဆိုင်ရာများနှင့် အောင်ပွဲရ အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာ စကားပြောကြားသည်။

ချီးမြှင့်ပေးအပ်

ဆက်လက်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် အားကစားသမားများအား ဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုယ်စားအားကစားသမားတစ်ဦးက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ပြီး အားကစားသမားများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း ဗီဒီယိုအား ပြန်လည်ပြသခြင်းများကို ကြည့်ရှုအားပေးခဲ့သည်။

ဧရာဝတီတိုင်း ဒေသကြီးမှ အုပ်ချုပ်/နည်းပြ/ အားကစားသမား ၅၃ ဦးပါဝင်ခဲ့ကာ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် အားကစားသမား ၃၂ ဦးအထိ ရှိခဲ့ပြီး ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ၁၁ ခုနှင့် ကြေးတံဆိပ် ၁၁ ခု ရရှိခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၉

မိမိတို့ဝန်ကြီးဌာနနှင့် ပတ်သက်သည့် နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ လမ်းညွှန်ချက်များကို တာဝန်ရှိသူအားလုံးက မျက်ခြည်မပြတ် လေ့လာမှတ်သားပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေး ဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များအဖြစ်ခံယူ၍ ကျရာအခန်းကဏ္ဍများက ကြိုတင်ပြင်ဆင်ခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းကို ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ယနေ့ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည့် ဌာနပေါင်းစုံပါဝင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက အွန်လိုင်းဖြင့် ပါဝင်တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ခုနှစ်တွင် လယ်ယာကဏ္ဍ၏ ဂျီဒီပီတိုးတက်မှုနှုန်းကို ၂ ဒသမ ၄ ရာခိုင်နှုန်းရရှိရေး လျာထားဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍမှ ၂ ဒသမ ၅ ရာခိုင်နှုန်း၊ သားငါးမှ ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နှစ်အလိုက် လျာထားစိုက်ဧကများ အပြည့်အဝစိုက်ပျိုးနိုင်ရေးသည် အရေးကြီးသကဲ့သို့ သီးထပ်စွမ်းအား မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ငွေဖြင့် နွေစပါးနှင့် ဆောင်းပဲတီစိမ်းသီးနှံများကို အကောင်အထည်ဖော်ခဲ့ရာတွင် တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ လိုအပ်ချက်များကို ပြန်လည်ပြင်ဆင်ပြီး လာမည့် မိုးစပါးရာသီတွင် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊

ပြောင်းလဲကြိုးပမ်းလုပ်ဆောင်

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ တိရစ္ဆာန်အစာပင်များ စိုက်ပျိုး၍ လှန်ကျောင်းလွှတ်ကျွေးသည့် စနစ်မှ လှောင်မွေး ရိတ်ကျွေးစနစ်ကို အားပေးရန်ဖြစ်ကြောင်း၊ အလားတူ လက်ရှိရေထွက်ပစ္စည်းထုတ်လုပ်မှုကို ဖမ်းဆီးထုတ်လုပ်ခြင်းထက် ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှု တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး ပြောင်းလဲကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်ဒေါက်တာတင်ထွဋ်တို့က ဆောင်ရွက်ပြီး လုပ်ငန်းအတွေ့အကြုံများကို သုံးသပ်ဆွေးနွေးပြီး ဦးစီးဌာနအလိုက် ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် လယ်ယာကဏ္ဍဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အဆင့်တာဝန်ရှိသူများက ဒေသအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် တိုးမြှင့်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ရန္တပိုကျေးရွာအနီးရှိ ဧရာဝတီမြစ် ရေလမ်းကြောင်းအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရန္တပိုကျေးရွာအနီးရှိ ဧရာဝတီမြစ် ရေလမ်းကြောင်းအခြေအနေကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင် ဦးကြည်သာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်မတော်စစ်ရေယာဉ်ဖြင့် မြင်းခြံမြို့နယ် ရန္တပိုကျေးရွာအနီး မြစ်ကြောင်းအတွင်း အနည်ပို့ချနှုန်းနှင့် သောင်ထွန်းနေမှု၊ ရေကြောင်းသွားလာမှု၊ မြစ်ကမ်းပါး ဝ/ယာရှိ ဘူမိဗေဒအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်နှင့် တာဝန်ရှိသူများက ဧရာဝတီမြစ်ဝှမ်းဆိုင်ရာ အချက်အလက်များ၊ ရန္တပိုကျေးရွာအနီးရှိ ဧရာဝတီမြစ်၏ ရေလမ်းကြောင်း၊ ရေမျက်နှာပြင် အနိမ့်အမြင့် ကွာခြားချက်၊ ရေအတိမ်အနက်နှင့် မြစ်ရေထုထည်စီးနှုန်းအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုနေရာသည် အကြိုစူးစမ်းလေ့လာမှုများ ဆောင်ရွက်ရန် သင့်လျော်သည့်နေရာ ဖြစ်သောကြောင့် ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်နိုင်မှုများကို အသေးစိတ်စူးစမ်းလေ့လာမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ချင်းတွင်းမြစ်သည် အနည်ကျမှုနှုန်း ပိုမိုများပြားကြောင်း၊ ယခု ရန္တပိုနေရာသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ၏အထက်ဘက်တွင် တည်ရှိသဖြင့် ရေအရည်အသွေးကောင်းမွန်ပြီး အနည်ကျနှုန်း ပိုမိုနည်းပါးနိုင်သည့်အတွက် လုပ်ငန်းများ ဆောင်ရွက်ပါက မြစ်၏အောက်ပိုင်းနေရာများ ထက် ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အကြိုစူးစမ်းလေ့လာတိုင်းတာမှုအနေဖြင့် မြေမျက်နှာသွင်ပြင်၊ ဧလေဗေဒနှင့် ဘူမိဗေဒဆိုင်ရာလေ့လာမှုများအပြင် စစ်ကိုင်းပြတ်ရွှေ့ကြောနှင့် နီးကပ်စွာတည်ရှိနေသဖြင့် မြေငလျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုများကို စတင်၍ စူးစမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အကြိုဖြစ်မြောက်နိုင်စွမ်းလေ့လာမှုမှ ရရှိလာသော အချက်အလက်များ အပေါ်အခြေခံပြီး ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ထပ်မံအသေးစိတ်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် နိုင်ငံတကာ အတွေ့အကြုံရှိသည့် အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့အစည်းများနှင့် ဌာနမှ လူအင်အားအရင်းအမြစ်များ ပူးပေါင်းကာ စနစ်တကျ အသုံးချ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၂၈ / ၂၀၂၃)
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျဌာနီလမ်းနှင့် ပန်းခင်းလမ်းထောင့်(ဘဲကုန်းမီးပွိုင့်အနီး)၊ စကြာဒီပခြံတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]၏ မှတ်ပုံတင်အမှတ်မှာ (၂၃) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၂၉ / ၂၀၂၃)
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပညာလမ်း၊ အမှတ် (၁၀၁၀/ခ) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ**ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၂၄) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၃၀ / ၂၀၂၃)
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ရွာမမြောက်ရပ်ကွက်၊ ပဒေသရာဇလမ်း၊ အမှတ် (၇၃၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ** ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၂၅) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကူညီကယ်ဆယ် မုန်တိုင်းအန္တရာယ်

စော်မွန်ငါး

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို စစ်ရေယာဉ်မှတ္တမပေါ်သို့ တင်ဆောင်နေစဉ်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ သဘာဝအလျောက် ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်လာသည့် မြေလျင်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရေလွှမ်းခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီရေလှိုင်းရိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ထူးဆန်းရောဂါဘေးအန္တရာယ်များကျရောက်ခြင်းတို့ဖြစ်ပြီး အချိန်အခါမရွေး၊ ဒေသမရွေးဖြစ်ပေါ်လာနိုင်သည်။

၂၀၀၈ ခုနှစ်တွင် ဘင်္ဂလားပင်လယ်အော်မှ စတင်အစပျိုးတိုက်ခတ်ခဲ့သည့် အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "နာဂစ်" သည် ဟိုင်းကြီးကျွန်းမှတစ်ဆင့် မြစ်ဝကျွန်းပေါ်ဒေသသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မေလ ၂ ရက်နေ့ "နာဂစ်" ဆိုင်ကလုန်းမုန်တိုင်းမတိုက်ခတ်မီ တစ်ပတ်ခန့်အလိုတွင် နေ့အပူချိန်များ သိသိသာသာ မြင့်တက်လာသည်ကို ပြည်သူများ သတိပြုမိမည်ထင်သည်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှူဦးစီးဌာနအနေဖြင့် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း စတင်ဖြစ်ပေါ်ခဲ့မှု၊ မုန်တိုင်းဖြစ်ပေါ်ခဲ့မှုနှင့် ရွှေ့လျားရာလမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နေသော်လည်း မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများသည် သာမန်မုန်တိုင်းအဆင့်အဖြစ် သဘောထားထင်မြင်မှု၊ ပြင်းထန်သည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ဖူးခြင်းမရှိမှု စသည်တို့ကို အခြေခံ၍ ပေါ့လျော့စွာထင်မြင်ယူဆခဲ့ကြသည်။

ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုမရှိခြင်း၊ မုန်တိုင်းလွတ်ရာသို့ ပြောင်းရွှေ့မှုမရှိခြင်းတို့ကြောင့် ပြည်သူများ အသက်အိုးအိမ်စည်းစိမ်များ များစွာထိခိုက်ခဲ့ရ၍ "နာဂစ်" မုန်တိုင်းသည် အာရှတိုက်၏ အကြီးမားဆုံး သဘာဝဘေးအန္တရာယ်တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲများက ထပ်မံဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် မုန်တိုင်းဝင်ရောက်နိုင်သည့်ဒေသများတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter) များ ဆောက်လုပ်ပေးခဲ့သည်။

ပြည်သူများအား အသိပေးကြေညာ

ယခုအခါ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ ၁၂ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် စစ်တွေမြို့တို့အကြားမှ ဖြတ်ကျော်ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"နှင့်ပတ်သက်၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှူဦးစီးဌာနက ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်ခဲ့သည့် မေလ ၁ ရက်နေ့မှစတင်ကာ နိုင်ငံပိုင်သတင်းစာ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုကွန်ရက်စာမျက်နှာများက ပြည်သူများအား အသိပေးကြေညာခြင်းများ၊ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် မိုးလေဝသပညာရှင်များကလည်း လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် ပြည်သူများကို အသိပေးနိုင်ရေးအတွက် ရေးသားပြုစုဖော်ပြပေးခဲ့ကြသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှူဦးစီးဌာနက ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"နှင့်ပတ်သက်၍ နေ့အလိုက် အောက်ဖော်ပြပါအတိုင်း ထုတ်ပြန်ကြေညာခဲ့သည်-

(က) မေလ ၁ ရက်နေ့နှင့် ၃ ရက်နေ့ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ပြီး မေလ ၈ ရက်နေ့တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း၊

(ခ) မေလ ၉ ရက်နေ့ ၁၇:၃၀ နာရီအချိန်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပွလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ပိုမိုအားကောင်းလာနိုင်သဖြင့် နောက် ၆ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ မေလ ၁၀ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ကပွလီပင်လယ်ပြင်တို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ကြောင်း၊ အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် ကနဦးတွင် မြောက်-အနောက်မြောက်ဘက်သို့ရွှေ့လျားပြီး မေလ ၁၁ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းသို့ ရောက်ရှိကာ ထိုမှတစ်ဆင့် မြောက်-အရှေ့မြောက်ဘက်သို့ကွေ့ကာ ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ ရွှေ့လျားနိုင်ကြောင်း၊

(ဂ) မေလ ၁၀ ရက်နေ့ ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ဦးတည် ရွှေ့လျားနိုင်သည့်အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့် သတ်မှတ်ခဲ့ကြောင်း၊

(ဃ) နောက်လေးရက်အတွင်း ခန့်မှန်းချက်အရ အဆိုပါအားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားပြီးနောက် ခြောက်နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ မေလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ မေလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် မြောက်-အရှေ့မြောက်ဘက်သို့ တဖြည်းဖြည်းကွေ့ကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ကြောင်း၊

(c) ထို့နောက် မေလ ၁၃ ရက်နေ့ ညနေပိုင်းတွင် အားအနည်းငယ်လျော့သွားနိုင်ပြီး မေလ ၁၄ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းကမ်းခြေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း၊

(စ) မေလ ၁၁ ရက်နေ့ ၂၀:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြောက်ဘက်သို့ရွှေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အဖြစ်သို့ ရောက်ရှိခဲ့ကြောင်း၊

(ဆ) အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏

စာမျက်နှာ ၁၅ သို့ ❐

မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်၍ ပြိုကျပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များအား နယ်မြေခံတပ်မတော်သားများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးစဉ်။

"ယခုအချိန်တွင် မုန်တိုင်းသင့်ဒေသများ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်း၊ ပရဟိတအသင်းအဖွဲ့များစုပေါင်း၍ ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက် တက်ညီလက်ညီဖြင့် လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို နေ့စဉ်သတင်းများတွင် တွေ့မြင်ရသည်။ နိုင်ငံတော်အနေဖြင့် မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်မှုမပြတ်တောက်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးတို့ ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့များ ချက်ချင်းစေလွှတ်နိုင်ခြင်းသည် ကြိုတင်ပြင်ဆင်စုဖွဲ့ထားခြင်းကြောင့်ဖြစ်"

❒ စာမျက်နှာ ၁၄ မှ

အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၃၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက်ရေမိုင် ၄၃၅ မိုင်ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၅၅၀ ခန့်၊ အိန္ဒိယနိုင်ငံ နီကိုးဘားကျွန်း၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၄၆၅ မိုင်ခန့်၊ ပို့ပလဲယား၏ အနောက်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ တောင်-အနောက်တောင်ဘက်ရေမိုင် ၅၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း၊

(၆) အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ဦးတည်ရွှေ့လျားနိုင်သည့်အခြေအနေရှိပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ခဲ့ကြောင်း၊

(၇) အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် နောက် ၁၂ နာရီအတွင်း မြောက်ယွန်းယွန်းသို့ ရွှေ့လျားနိုင်ပြီး မေလ ၁၂ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း၌ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း၊ ထို့နောက် အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြောက်-အရှေ့မြောက်ဘက်သို့ တဖြည်းဖြည်းကွေ့ကာ မေလ ၁၄ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့အကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါကြောင်း၊

(၈) မေလ ၁၂ ရက်နေ့ ၂၁:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွှေ့လျားခဲ့ကြောင်း၊

(၉) အဆိုပါအားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက်- အရှေ့မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာကာ နောက် ၉ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အဖြစ်သို့ ရောက်ရှိနိုင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြား စစ်တွေမြို့အနီးမှ မေလ ၁၄ ရက်နေ့ နေ့လယ်ပိုင်းတွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အနေဖြင့် ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း၊

(၁၀) မေလ ၁၃ ရက်နေ့ ၁၂:၃၀ နာရီအချိန်တွင် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် ရခိုင်ပြည်နယ် စစ်တွေမြို့အနီးမှ တစ်နာရီလျှင် မိုင် ၁၂၀ ခန့်ဖြင့် ကုန်းတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း မိုက်ခရိုဝေ့ဖ်ဆက်ကြောင်းများကို ဖိုက်ဘာဆက်ကြောင်းများဖြင့် ပြောင်းလဲချိတ်ဆက်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

(၁၁) မေလ ၁၄ ရက်နေ့ ၂၁:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ချင်းပြည်နယ် ပလက်ဝမြို့အနီးမှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက်-အရှေ့မြောက်ဘက်သို့ရွှေ့လျားခဲ့ပြီး အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အဖြစ်သို့ အားလျော့သွားခဲ့ကာ မတူပီမြို့အနီးမှ မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားခဲ့ကြောင်း၊

(၁၂) မုန်တိုင်းသည် ချင်းပြည်နယ် မတူပီမြို့အနီးမှ ဆက်လက်ရွှေ့လျားလျက်ရှိပါသဖြင့် အည့ိုရောင်အဆင့်ဟု သတ်မှတ်ပါကြောင်း၊ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားနိုင်ပြီး နောက် ၉ နာရီအတွင်း ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး (မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး (မြောက်ပိုင်း) တို့ကို ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အနေဖြင့် လည်းကောင်း၊ နောက် ၂၄ နာရီအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့ကို မုန်တိုင်းငယ်အနေဖြင့်လည်းကောင်း ဆက်လက်ရွှေ့လျားနိုင်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်ညှိနှိုင်းအစည်းအဝေးကို မေလ ၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး မုန်တိုင်းမဝင်ရောက်မီ ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အသေးစိတ်တို့ကို ချမှတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဧဝတ်တိုက်လေ့ကျင့်မှုများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ခြင်းစသည့် လိုအပ်သည့်ပြင်ဆင်မှုများကို မုန်တိုင်းမဖြစ်ပေါ်မီ ရှစ်ရက်ကြိုတင်၍ အချိန်နှင့်တစ်ပြေးညီ ပြီးစီးမှုရှိအောင် စနစ်တကျ အသေးစိတ်စီမံဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် မေလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်မည့် မုန်တိုင်းအန္တရာယ်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center–DMC)ကိုဖွဲ့စည်းပြီး ဆိုင်ကလုန်းမုန်တိုင်းအခြေအနေကို ၂၄ နာရီ အချိန်ပြည့်စောင့်ကြည့်ကာ အသိပေးကြေညာချက်များကို ထုတ်ပြန်ပေးခဲ့သည်။ မေလ ၁၂ ရက်နေ့တွင် ရခိုင်ပြည်နယ်ရှိ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် စစ်တွေမြို့၊ ပေါက်တောမြို့၊ မောင်တောမြို့၊ ရသေ့တောင်မြို့၊ မြေပုံမြို့၊ ကျောက်ဖြူမြို့နှင့် မာန်အောင်မြို့နယ်တို့အား Red Alert သတ်မှတ်ခဲ့ပြီး အဆိုပါမြို့နယ်များရှိ ပြည်သူများ သိရှိနိုင်စေရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတာဝန်ရှိသူများက အသံချဲ့စက်များဖြင့် လိုက်လံသတိပေးကြေညာပေးခဲ့သည်။

ပျက်စီးမှုအနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်

မုန်တိုင်းမဝင်ရောက်မီ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့ရှိ ပင်လယ်ကမ်းခြေများ၌ ပင်လယ်ရေများကျဆင်းခြင်း၊ ကမ်းခြေရှိသဲများ ချိုင့်ဝင်လျက်ရှိခြင်းတို့ကို လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သိရသည်။ မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် မိုးလေဝသပညာရှင်များက မုန်တိုင်းဖြစ်ပေါ်နေသည့် တည်နေရာ၊ လေတိုက်နှုန်း၊ ရွှေ့လျားနှုန်းနှင့် ရွှေ့လျားနိုင်မည့်လမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသဖြင့် ပင်လယ်ကမ်းစပ်၌ နေထိုင်သည့် ပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအား အချိန်မီ ရွှေ့ပြောင်းခြင်း၊ အရေးကြီးပစ္စည်းများကို မုန်တိုင်းလွတ်ရာဒေသများသို့ ပြောင်းရွှေ့ခြင်းများ ကြောင့် မေလ ၁၄ ရက်နေ့ ၁၂:၄၅ နာရီအချိန်ခန့်တွင် ကျောက်ဖြူမြို့နှင့် စစ်တွေမြို့တို့အကြားမှ တစ်နာရီလျှင် လေတိုက်နှုန်း မိုင် ၁၂၀ ခန့်ဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးမှုအနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်နိုင်ခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်မြို့ရွာများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မေလ ၁၅ ရက်နေ့တွင် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် သိန်း ခုနစ်သောင်းခန့်ပေးအပ်ခဲ့သည်။ ထို့အပြင် မုန်တိုင်းသင့်မြို့နယ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဆင့်မြင့်အရာထမ်းများကို အသီးသီးတာဝန်ပေးအပ်ခဲ့သည်။

ကြိုတင်ပြင်ဆင်စုဖွဲ့ထားခြင်း

ယခုအချိန်တွင် မုန်တိုင်းသင့်ဒေသများ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်း၊ ပရဟိတအသင်းအဖွဲ့များစုပေါင်း၍ ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက် တက်ညီလက်ညီဖြင့် လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို နေ့စဉ်သတင်းများတွင် တွေ့မြင်ရသည်။ နိုင်ငံတော်အနေဖြင့် မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်မှုမပြတ်တောက်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးတို့ ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့များ ချက်ချင်းစေလွှတ်နိုင်ခြင်းသည် ကြိုတင်ပြင်ဆင်စုဖွဲ့ထားခြင်း ကြောင့်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

မေလ ၁၄ ရက်နေ့၌ တစ်နာရီလျှင် မိုင် ၁၂၀ ခန့်ဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ကြောင့် မြေစိုက်အဆောက်အအုံများ အမိုးအကာများပျက်စီးခြင်း၊ သစ်ပင်များ ပြိုလဲမှုဖြစ်ပွားခဲ့သော်လည်း ကွန်ကရစ်ဖြင့် အခိုင်အမာဆောက်လုပ်ထားသည့် အဆောက်အအုံများ ပျက်စီးမှုမရှိဘဲ ကျန်ရှိနေကြောင်း တွေ့ရှိရသဖြင့် အဆိုပါ အဆောက်အအုံစာရင်းများ ကောက်ယူပြုစုထားရှိပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက Cyclone Shelter များအဖြစ် အသုံးပြုနိုင်ကြောင်း သင်ခန်းစာဖော်ထုတ်ရရှိသည်။

နောင်တွင် မုန်တိုင်းဝင်ရောက်နိုင်သည့် ဒေသများ၌ လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၂၀/ ၁၃၀ အထိ ဒဏ်ခံနိုင်သော အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက် အတတ်ပညာရှင်များ၏ အကြံဉာဏ်များရယူ၍ ဆောင်ရွက်သင့်သည်။ ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ (Myanmar National Building Code–MNBC) ပါ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်လည်း လိုအပ်သည်။

ယုံယုံကြည်ကြည်ဖြင့် လိုက်နာဆောင်ရွက်ရန်လို

မေလ ၆ ရက်နေ့မှစတင်၍ မုန်တိုင်းသတင်းများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေဒီယိုတို့မှ နေ့စဉ်ဖော်ပြအသိပေးလျက်ရှိပြီး မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန် နီးကပ်လာသည့် မေလ ၁၁၊ ၁၂၊ ၁၃ ရက်နေ့တို့တွင် မုန်တိုင်းဒီရေ အထူးသတိပေးချက်များထုတ်ပြန်ခဲ့ကာ ရေလွှမ်းမိုးနိုင်သည့်နေရာများကို တိကျစွာသတိပေးထုတ်ပြန်ထား၍ ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များကြောင့် အသက်အိုးအိမ်စည်းစိမ် ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးအတွက် မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်နှင့် အကြံပြုချက်များကိုလည်း ယုံယုံကြည်ကြည်ဖြင့် လိုက်နာဆောင်ရွက်ရန် လိုကြောင်း အသိပေးလိုသည်။

ထို့အပြင် ပြင်ပမိုးလေဝသပညာရှင်များ၏ ထုတ်ပြန်ချက်များကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့် လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မိုးလေဝသပညာရှင်များ မျှားစွာလိုအပ်သဖြင့် စိတ်ပါဝင်စားသည့် လူငယ်များသည် မိုးလေဝသနှင့်ဧလဗေဒပညာရပ်များကို တတ်မြောက်ကျွမ်းကျင်အောင် လေ့လာသင်ယူသွားကြရန် တိုက်တွန်းပါကြောင်းနှင့် မိုးလေဝသပညာရပ်သည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် မည်မျှအရေးပါသည်ကိုသိရှိနိုင်ရန် ဖြစ်စဉ်အမှန်များကို မှတ်တမ်းပြုရေးသားတင်ပြလိုက်ရပါသည်။ ။

ဒုတိယဝန်ကြီး ဦးသန့်စင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)၏ စက်ရုံလည်ပတ်ထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၉

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)သို့ သွားရောက်၍ ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်မှုနှင့် စက်လည်ပတ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံသို့ရောက်ရှိရာ ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်နေမှု၊ စက်ရုံပင်မထိန်းချုပ်ခန်းတွင် Distributed Control System(DCS)စနစ်ဖြင့် စက်ရုံထိန်းချုပ်လည်ပတ်နေမှု၊ ဓာတ်ခွဲခန်းများတွင် အရည်အသွေးတိုင်းတာ စစ်ဆေးနေမှုနှင့် ယူရီးယားဓာတ်မြေသြဇာ ထုပ်ပိုးဖြန့်ဖြူးပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စက်ရုံရှိအရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်းရင်းနှီးစွာဖြင့် အတူတကွသုံးဆောင်ပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဒုတိယဝန်ကြီးက နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူရီးယားဓာတ်မြေသြဇာသည် မရှိမဖြစ်လိုအပ်ခြင်းကြောင့် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ယူရီးယားဓာတ်မြေသြဇာကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ စက်ပြုပြင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ အထူးသဖြင့် ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးလုပ်ငန်းများ၊ နိုင်ငံပိုင်ပစ္စည်းများ ပျက်စီးလျော့နည်း လေလွင့်မှုမရှိစေရေး၊ စက်သုံးဆီနှင့် ငွေကြေးသုံးစွဲမှု စိစစ်ချွေတာသုံးစွဲရေး၊ စက်ရုံ၏ လုံခြုံရေး၊ စာရွက်စာတမ်းနှင့် သတင်းလုံခြုံရေးတို့ကို တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အရည်အသွေးစွမ်းဆောင်ရည်တိုးတက်မြှင့်တင်နိုင်ရေး၊ စိမ်းလန်းစိုပြည်သန့်ရှင်းသပ်ရပ်လှပစေရေးနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးတို့ကို ဆောင်ရွက်ကြစေလိုကြောင်း။

ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ပတ်သက်၍ တတ်နိုင်သမျှ ထောက်ပံ့ကူညီပေးနိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးချို့ယွင်းမှုများရှိပါက ဦးစားပေးအဆင့်အလိုက် စစ်ဆေးပြုပြင်ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများအတွက် ကောင်းမွန်သည့် လုပ်ငန်းခွင်ဖြစ်စေရေး၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် နိုင်ငံ့အကျိုးကို ကောင်းစွာသယ်ပိုးနိုင်သော နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လျှာထားချက်ထက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ရေး စက်ရုံမှူးနှင့် ဝန်ထမ်းများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးက စက်ရုံ၏ အလုပ်သမားဆိုင်းဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်းများအတွက် အင်အားဖြည့်အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဦးဆောင်၍ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းရေးဆွဲရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၉

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဦးဆောင်၍ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ သုံးနှစ်တာ လုပ်ငန်းစီမံချက်အရ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းရေးဆွဲရေးအစည်းအဝေး (Planning Conference of ADMM–Plus Experts' Working Group on Counter–Terrorism)ကို ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခါဘရော့ဖ်မြို့၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာ၊ ရုရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များက တက်ရောက်ခဲ့ကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဘရူနိုင်း၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က အဖွင့် အမှာစကားပြောကြားပြီး အဖွဲ့ဝင်နိုင်ငံများအကြား အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ဒေသတွင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဖြစ်ရပ်မှန်များအား အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းရေးဆွဲရေး အစည်းအဝေးသို့ တက်ရောက်သူများ လေ့လာသိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေနှင့် NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ဘက်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များနှင့် အထောက်အထားများ၊ NUG အဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ရသည့် အကြောင်းအရင်းများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား အင်္ဂလိပ်၊ ရုရှား၊ တရုတ်ဘာသာများဖြင့် ထုတ်ဝေထားသည့် စာစောင်၊ ၎င်းစာစောင်ပါ အကြောင်းအရာများပါဝင်သည့် Memory Stick တို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၆-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၃၅	၂၀၈၅	၂၀၈၀	၂၀၄၅	၂၀၈၀	၂၁၀၅	၂၀၉၀	၂၀၇၀	၂၁၆၅	၂၁၈၅	၂၀၇၅	၂၀၈၅	၂၁၂၀	၂၁၂၀	၂၁၂၅	၂၃၅၅	၂၄၀၀
95 Ron	၂၁၃၅	၂၁၈၅	၂၁၈၀	၂၁၄၀	၂၁၈၀	၂၂၀၅	၂၁၉၀	၂၁၆၅	၂၂၆၅	၂၂၈၀	၂၁၇၅	၂၁၉၀	၂၂၂၀	၂၂၂၀	၂၂၂၀	၂၄၅၀	၂၈၀၅
HSD (500 ppm)	၁၉၄၀	၁၉၉၀	၁၉၈၅	၁၉၅၀	၁၉၉၀	၂၀၁၀	၂၀၀၅	၁၉၇၅	၂၀၉၅	၂၀၉၀	၁၉၈၀	၁၉၉၀	၂၀၂၅	၂၀၂၅	၂၀၃၀	၂၂၆၀	၂၈၀၅
HSD (50 ppm)	၂၀၂၀	၂၀၇၀	၂၀၆၅	၂၀၃၀	၂၀၇၀	၂၀၉၀	၂၀၈၅	၂၀၅၅	၂၁၇၅	၂၁၇၀	၂၀၆၀	၂၀၇၀	၂၁၀၅	၂၁၀၅	၂၁၁၀	၂၃၄၀	၂၈၆၅
HSD (10 ppm)	၂၀၂၀	၂၀၇၀	၂၀၆၅	၂၀၃၀	၂၀၇၀	၂၀၉၀	၂၀၈၅	၂၀၅၅	၂၁၇၅	၂၁၇၀	၂၀၆၀	၂၀၇၀	၂၁၀၅	၂၁၀၅	၂၁၁၀	၂၃၄၀	၂၈၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၂၉	၂၀၀၂
95 Ron	၂၀၂၄	၂၀၉၈
HSD (500 ppm)	၁၈၄၂	၁၉၀၈
HSD (50 ppm)	၁၉၁၆	၁၉၈၃
HSD (10 ppm)	၁၉၁၆	၁၉၈၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆۷- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆۷- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၇၄၂၆ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၆ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၄၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၂) ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၁၉,၀၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၅၅၁) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၄၆၀) ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ကြည့်ရှုအားပေး

ထိုသို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မင်းပြင်ဝန်ထမ်းအိမ်ရာရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးများ ပြင်ဆင်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် သန်ပန်ချောင်းရပ်ကွက်ရှိ မြို့ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေထွက်ပေါက်ပြန်လည်ပြုပြင်မည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုခြောက်စုတို့မှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ရန် ကျေးရွာကိုယ်စားလှယ်များအား စားသုံးသူရေးရာဂိုဒေါင်မှ ထောက်ပံ့ပစ္စည်းများ ထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရပ်ကွက်များ၊ ဈေးများနှင့် အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ ၎င်းနောက် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းခြောက်ကျောင်းအတွက် ပြန်လည်ပြုပြင်ရန်လိုအပ်သော အမိုးသွပ်များ၊ ဆွမ်းဆန်တော်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မုန်တိုင်းဒဏ်သင့် ဘုန်းတော်ကြီးကျောင်းများသို့လှူဒါန်းသော နဝကမ္မအလှူတော်ငွေများအား ကျောင်းထိုင်ဆရာတော်များထံ သွားရောက်ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ရခိုင်ပြည်နယ် မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးပြန်လည်ထူထောင်ရေးကော်မတီနှင့် အလှူရှင်များထောက်ပံ့သည့် ကုလားတန် (၅)သင်္ဘောဖြင့် ထပ်မံရောက်ရှိလာသည့် ထောက်ပံ့ပစ္စည်းခြောက်မျိုးအား လေဘေးသင့်ပြည်သူများထံသို့ မြန်မြန်ဆန်ဆန် ဖြန့်ဝေပေးနိုင်ရေးအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ ပြုလုပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချေးနွေးချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၈ ရက်တွင် မြောက်ဦးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းသုံးကျောင်းသို့သွားရောက်၍ သွပ်သံနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း

သတင်းစဉ်

သဘာဝဘေးကျရောက်သော ဒေသများတွင် တပ်မတော်မှ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၉

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ လက်ဝဲစာတိုက်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ အစိုးရရပ်ကွက်ရှိ မြို့နယ်ဦးစီးမှူးရုံး၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကကျက်ဘက်ကျေးရွာရှိ လမ်းဘေး ဝဲ/ယာ၌ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဘောင်းဒွတ်ကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆန်နှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးသည်။

ထို့အတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့ ရေချမ်းပြင်ကျေးရွာ ကားလမ်းတစ်လျှောက်ရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ပါဒလိတ်ကျေးရွာရှိ လမ်းဘေး ဝဲ/ယာ၌ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများနှင့် ဂုံးပြင်သောင်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရွာသစ်ကေကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်

နေပြည်တော် ဇွန် ၉

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သော ဆန်အိတ် ၁၆၀ ရှစ်တန်ကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကလေးလေဆိပ်သို့ တပ်မတော်(လေ)ရှိ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

ပို့ဆောင်ပေးနိုင်ခဲ့

သဘာဝဘေးဒဏ်သင့်ဒေသများရှိပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၄၉၁ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၂၆၀ တို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါတပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။

သတင်းစဉ်

စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ မုန်တိုင်းသင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ဒံပေါက်ထမင်းဘူးများ ပေးဝေလျှက်ရှိ

နေပြည်တော် ဇွန် ၉

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်များမှ အထူးဆေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများမှ ဒေသခံပြည်သူများအား မြို့နယ်အလိုက်သတ်မှတ်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်များမှ သမားတော်များ၊ အထူးကုများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော အထူးဆေးကုသရေးအဖွဲ့က စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာ၌ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့်ဒေသခံပြည်သူများအား သွေးတိုးရောဂါ၊ ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အရိုး/အကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လူနာတစ်ဦးချင်းစီ၏ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် MLCA၊ MLCP အများပိုင် ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA)နှင့် ဘာသာစုံမိတ်ဆွေများက ရက် ၃၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော သီးစုံဒံပေါက်ထမင်းဘူးများအား ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ ကျောဖုံးမှ

ကြည့်ရှုကြပြီး တာဝန်ကျ ဆရာ ဆရာမများအနေဖြင့်လည်း ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ကြည့်ရှုနိုင်ကြစေရန် ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါစာမေးပွဲထုတ်ပြန်မှုနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက "ဒီနှစ် ၂၀၂၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ မန္တလေးတိုင်းဒေသကြီးရဲ့ အောင်ချက်က ၇၂ ဒသမ ၅၈ ရာခိုင်နှုန်းဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် အားလုံးမှာ မန္တလေးတိုင်းဒေသကြီးက တတိယအဆင့်ဖြစ်ပါတယ်။ ဒါ့အပြင် သိပ္ပံ ဘာသာတွဲ အမှတ်အများဆုံး ၁၁ ဦးမှာလည်း မန္တလေးတိုင်းဒေသကြီးက ခုနစ်ဦး ပါဝင်ပါတယ်။ ဒီနေ့ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေရော သူတို့ရဲ့ မိဘတွေအတွက်ပါ ဂုဏ်ယူပါတယ်" ဟုပြောသည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း

ဦးဇော်မိုးလွင်

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့သည့်အပြင် မြန်မာတစ်နိုင်ငံလုံးတွင် အဆင့်(၆)ဖြင့် အောင်မြင်ခဲ့သည့် မဆုမြတ်နိုးဇော်က တစ်နေ့စာတစ်နေ့ကိုပဲ အဓိက ပိုင်အောင်လုပ်တယ်။ ကျန်တာကတော့ မေးခွန်းဟောင်းတွေ လေ့လာပြီး ဆရာ ဆရာမတွေ သင်ကြားပြသမှုနဲ့အတူ ကိုယ်တိုင်လည်း လေ့လာသင်ယူကြိုးစားခဲ့ရပါတယ်။ အခုလို တစ်နိုင်ငံလုံးအဆင့်(၆) ရရှိခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ဆေးတက္ကသိုလ်တက်ဖို့ ရည်မှန်းထားပါတယ်။ အနာဂတ်မှာ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်။ ဖေဖေနဲ့ မေမေကိုလည်း အလွန်ကျေးဇူးတင်ပါတယ်။ ပိုင်းဝန်းအားပေးကြတဲ့ သူငယ်ချင်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဘယ်လိုအခက်အခဲတွေပဲကြုံကြုံ ကိုယ့်ရဲ့အဓိကရည်မှန်းချက်၊ ကိုယ့်ရဲ့ဦးတည်ချက် လမ်းမပျောက်စေဘဲနဲ့ ဆက်လက်ကြိုးစားကြဖို့ ပြောချင်ပါတယ်" ဟု ပြောသည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam. orgတွင် ယနေ့ နံနက် ၄ နာရီ အချိန်မှစတင်၍ ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

သိပ္ပံဘာသာတွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ မနှင်းလဲ့ရည် ကလည်း "ဆရာ ဆရာမတွေသင်တဲ့စာကို တစ်နေ့စာတစ်နေ့သေချာလုပ်ခဲ့လို့ အခုလို အောင်မြင်ခဲ့တာပါ။ ဂုဏ်ထူးရဖို့မျှော်မှန်းမထားပေမယ့် အကောင်းဆုံးဖြေဆိုမယ်ဆိုပြီး ကြိုးစားခဲ့တယ်။ မေမေကလည်း အကောင်းဆုံးဖြစ်အောင်ကြိုးစားဖို့ပြောတယ်။ ကျန်းမာရေးအတွက်လည်း အားဆေးတွေအပြင် အခြားလိုအပ်တာတွေလည်း ဖြည့်ဆည်းပေးတယ်။ အောင်စာရင်းမထွက်ခင် တစ်ညလုံးလည်း အိပ်မပျော်ခဲ့ဘူး။ အောင်စာရင်းထွက်မယ့်အချိန်ကို စောင့်မျှော်ခဲ့ရတယ်။ ဒီမနက် ၄ နာရီမှာထပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ရဲ့ Website ကနေ အရင်ကြည့်တယ်။ သေချာအောင်လို့ ကျောင်းကိုလည်း သွားကြည့်တယ်။ အခုလိုခြောက်ဘာသာဂုဏ်ထူးနဲ့အောင်မြင်တော့အလွန်ကိုပျော်ပြီးထခုန်မိတယ်။ အမေကဆို ငိုတောင် ငိုတယ်။ သမီးက နိုင်ငံတော်ကို အကျိုးပြုတဲ့ ဆရာဝန်မကြီးဖြစ်ချင်တယ်။ ပထမ ဆုံးအနေနဲ့ သမီးရဲ့ မိဘနှစ်ပါးကို ကျေးဇူးတင်ပါတယ်။ သင်ကြားပြသပေးတဲ့ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးဇော်မိုးလွင်က "ပထမဆုံးပြောချင်တာက သမီးလေးက မြန်မာတစ်နိုင်ငံလုံးမှာ အဆင့်(၆)မန္တလေးတိုင်းဒေသကြီးမှာ အဆင့်(၅)နဲ့အောင်မြင်တဲ့အတွက် အရမ်းကို ပျော်လည်း ပျော်တယ်။ ဝမ်းလည်းသာတယ်။ ဂုဏ်လည်းယူပါတယ်။ သမီးလေးခု လိုပေါက်မြောက်အောင်မြင်အောင် သင်ကြားပေးခဲ့တဲ့ ဆရာ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ သမီးလေးက ဆရာ ဆရာမတွေ သင်ကြားပို့ချတဲ့အတိုင်း အချိန်ဇယားနဲ့သွားတယ်။ သမီးရဲ့ လိုအပ်ချက်တွေကိုလည်း လိုက်လံဖြည့်ဆည်းပေးခဲ့တယ်။ သမီးလေးကို ပြောတယ် ဘယ်လိုအခက်အခဲတွေပဲရှိရှိ ရည်မှန်းချက်ကိုအောင်မြင်အောင်လုပ်ဖို့နဲ့ သမီးရဲ့ နောက်မှာ ဖေဖေ၊ မေမေတို့ရှိတယ်ဆိုပြီး အမြဲအားပေးခဲ့တယ်" ဟု ပြောသည်။

အလားတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာသည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက် အဆက်အသွယ်ကောင်းစွာ မရရှိသော စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း ကြေညာပေးခဲ့သည်။

ထို့ပြင် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ မန္တလေးဗဟိုအကျဉ်းထောင်စာစစ်ဌာနမှလည်း ဝင်ရောက်ဖြေဆိုသူ ၂၉ ဦးရှိခဲ့ပြီး အောင်မြင်မှုအနေဖြင့် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၃ ဦးနှင့်တစ်ဘာသာဂုဏ်ထူးရှင် လေးဦးတို့ဖြင့် ရာခိုင်နှုန်းပြည့် ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ **အားကောင်းသောမှ**

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညမှ ဇွန် ၁၁ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြိုးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

အကြံပြုချက်

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို လည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

ကုန်သွယ်/စီးပွား

မောင်တောကုန်သွယ်ရေးစခန်း၏ ဇွန်လပထမပတ်ကုန်သွယ်မှုအခြေအနေ

မောင်တော ဇွန် ၉

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဇွန်လ လျာထားချက်မှာ ပို့ကုန်ဒေါ်လာတစ်သန်း၊ သွင်းကုန် သုည ဒသမ ၀၃ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁ ဒသမ ၀၃ ဒေါ်လာသန်းဖြစ်ပြီး အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် သုည ဒသမ ၀၆၁ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၀၅ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုည ဒသမ ၀၆၆ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၆ ဒသမ ၄၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ဘဂ်လားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ ချင်း(အစို)၊ တည်ငံသီး၊ ဆီးသီးခြောက်၊ ဆီးယိုထုပ်၊ အဝတ်အထည်၊ ချည်လုံချည်၊ သနပ်ခါးခဲ၊ လူကြီးစီးဖိနပ်တို့ တင်ပို့ခဲ့ပြီး သွင်းကုန်အနေဖြင့် အမျိုးသားဝတ်ရုပ်အင်္ကျီ၊ အလူမီနီယမ်ရေခရား၊ ပလတ်စတစ်ပိုက်နှင့် ပလတ်စတစ်ရေတိုင်ကီတို့ တင်သွင်းခဲ့သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည် ဇွန် ၉

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဇွန်လ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ဒေါ်လာ ၁၆ သန်း၊ သွင်းကုန် ၁ ဒသမ ၃ ဒေါ်လာသန်းဖြင့် စုစုပေါင်း ဒေါ်လာ ၁၇ ဒသမ ၃ သန်းဖြစ်သည်။

ဇွန် ၆ ရက်အထိ ကုန်သွယ်မှုအနေဖြင့် ပို့ကုန် ဒေါ်လာ ၂ ဒသမ ၁၄၂ သန်း၊ သွင်းကုန် ဒေါ်လာ သုည ဒသမ ၃၅၁ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၂ ဒသမ ၄၉၃ သန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ကုန်အနေဖြင့် တစ်သျှူးငှက်ပျော တန် ၅၆၀၀ နှင့် သံသတ္တုရိုင်း ၆၉၂ တန်တို့ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်အဝတ်အထည်များနှင့် သစ်သီးများ တင်သွင်းနိုင်ခဲ့သည်။ သွင်းကုန်ပိုင်းတွင် ယာယီစနစ်ဖြင့် တင်သွင်းသည့် ငှက်ပျောထုပ်ပိုးပစ္စည်းများကို ဇွန် ၆ ရက်အထိ တန်ချိန် ၄၅၅ တန် တင်သွင်းခဲ့သည်။ အခြားသွင်းကုန်များအနေဖြင့် မော်တော်ယာဉ် အပိုပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ကော်စေ့ စသည့် အခြားရင်းနှီးမြှုပ်နှံမှု ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပန်းသီးနှင့် လိမ္မော်သီးများ၊ လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များ တင်သွင်းခဲ့သည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆူ(ပဋ္ဌကသုံးပုံ မြန်မာပါဠိနှင့် ရိမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၇၉. ၀၀	၇၂၀ ဆူ	၇၂၀	-
၂။	သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၉၁၉၃ သိန်း	၄၀၈၀၇ သိန်း
၃။	သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ	၂၉၇၀. ၀၀	၆	၆	-
၄။	ဂေါပကရုံး(၄၈×၂၄×၂၉)ပေ	၄၈၁၀. ၀၀	၁	-	၁
၅။	မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ	၈၀၇၉	၁	၁	-
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၆၅	၁	၁	-
၇။	ရွှေ့လျားစက်လေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၄၅၄၃. ၁၀	၁	-	၁
	(ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း	၃၂၈၄. ၃၀	၁	-	၁
၈။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၄ ခု	၁၄ ခု
၉။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၆ တိုင်	၃ တိုင်
၁၀။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၃၂. ၀၀	၂၀၀ ခန်း	၁၆ ခန်း	၁၈၄ ခန်း
၁၁။	မြန်မာမှုတစ်ဖက်လှန်ခြစ်ဦးရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၉၅ ခန်း	၃၆၀ ခန်း
၁၂။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၃၂. ၀၀	၅၀ တိုင်	-	၅၀ တိုင်
၁၃။	လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင်	၁၆. ၈၅	၂၀၈ တိုင်	-	၂၀၈ တိုင်
၁၄။	Garden Light (၄ မီတာ) ၁ တိုင်လျှင်	၁၉. ၀၀	၃၆၆ တိုင်	-	၃၆၆ တိုင်
၁၅။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း(စကျင်မြန်မာမှုပါ)	၃. ၀၀	၆၅၂ ခု	၁၅၅ ခု	၄၉၇ ခု
၁၆။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၈. ၅၀	၇၅၇၆. ၃၅ ကျင်း	-	၇၅၇၆. ၃၅ ကျင်း
၁၇။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၅၀	၂၁၈. ၁၄ ကျင်း	၂၉ ကျင်း	၁၈၉. ၁၄ ကျင်း
၁၈။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၆. ၅၀	၈၄၇၃ ကျင်း	-	၈၄၇၃ ကျင်း
၁၉။	မုစလိန္ဒအိုင်	၂၂၃၃. ၀၂	၁	၅၃၈၅ သိန်း	၁၇၃၄၆. ၀၂ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အတင်မုခ်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလေ့ကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း)	၈. ၅၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(င) ရေကာနံပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၂၂. ၂၀	၄၃	-	၄၃
	(စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း				
	၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း	၅၄၀. ၀၀	၁	-	၁
	၂။ အပြင်ရေဆက်သွယ်ခြင်း	၃၂၀. ၀၀	၁	-	၁
၂၀။	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၂၁၉. ၀၀	၁၂၃ ခု	-	၁၂၃ ခု
၂၁။	ပဋ္ဌကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၁၂. ၀၀	၁၀၀၀ စုံ	၅၈၆ စုံ	၄၁၄ စုံ
၂၂။	ပဋ္ဌကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၂၀. ၀၀	၅၀၀ စုံ	၂၄၄ စုံ	၂၅၆ စုံ

၃။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀ ၂၀၁၇၀၀ ၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဂျန္ဒြာစျေးလမ်းနှင့် ဂျန္ဒြာ (၁၁)လမ်းထောင့်၊ အမှတ်(၉၃၂)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦ၏ အကျယ်အဝန်း (အလျား ၁၉ပေx အနံ ၅၄ပေ)ရှိ ပထမထပ်(ဘယ်ဘက်ခြမ်း)၊ တိုက်ခန်း (၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသက် [၁၂/ဥကမ(နိုင်)၂၂၂(၆၄၄)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်သည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်မြလှဲဝင်း(LL.B) အထက်တန်းရှေ့နေ (စဉ်–၂၀၉၅၁)
အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၁၅၀၃၃၃၃

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၂)လမ်းအထက်၊ အမှတ်(၆၇/ခ)၊ တစ်ခန်းတည်း RC (၆)ထပ်တိုက်မှ ပဉ္စမထပ် (၆–လွှာ)၊ ဧရိယာ (၉၃၆)စတုရန်းပေရှိတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ပွင့်ဖြူဖြူ၏ [၇/ပခန(နိုင်)၃၉၈၄၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇာနည်မောင် [၉/အမဇ(နိုင်)၀၁၉၉၉၁] ဒေါ်စိုးဥမ္မာအောင် [၁၂/ဥကတ(နိုင်)၀၀၃၆၇၇]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျမှန်ကန်လုံလောက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇာနည်မောင် နှင့် ဒေါ်စိုးဥမ္မာအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမင်းစိုး LL.B.WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၆၆၄)
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph–09–450023651,09–793568375

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၄)နေ ဦးမျိုးသန့်ဝင်း [၉/မနမ(နိုင်)၀၉၈၇၀၉၉]၊ ဒေါ်တင်တင်နွယ် [၉/မနမ(နိုင်)၀၉၈၇၁၄] တို့၏သမီး မင်ြမိုးစုလတ်(ခ)မချိုချိုလွင် [၁၂/မရက(နိုင်)၁၄၄(၆၀၁)သည် မိဘနှစ်ပါးအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူပါသဖြင့် ယနေ့မှစ၍ သမီး အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် သူမနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိသားစုနှင့် (လုံး၀)လုံး၀ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် ဦးမျိုးသန့်ဝင်း [၉/မနမ(နိုင်) ၀၉၈၇၀၉]
မိခင် ဒေါ်တင်တင်နွယ် [၉/မနမ(နိုင်)၀၉၈၇၁၄]

စက်မှုဝန်ကြီးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)အတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါ သက်တမ်းတိုးခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)အတွက် စက်ပစ္စည်း (၁၁)မျိုးကို စက်ရုံသို့အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူဖြည့်တင်းဆောင်ရွက်လိုပါသည်။

၂။ တင်ဒါစျေးနှုန်းတင်သွင်းလွှာများကို ပေးသွင်းရမည့်အစီအစဉ်
(က) တင်ဒါပုံစံရောင်းချမည့်ရက် – (၂၄–၆–၂၀၂၃)ရက်
(ခ) တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် – (၃၀–၆–၂၀၂၃)ရက် (၁၆:၀၀)နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ – တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော် ဖုန်း ၀၆၇–၄၀၈၁၂၉ သို့ လာရောက်ဝယ်ယူနိုင်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

(၆-၆-၂၀၂)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏စာမျက်နှာ(၂၄)ပါ တရားလွှတ်တော်ရှေ့နေဒေါ်ဇွန်မေဓေး၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေငြာတွင် မြေကွက်အမှတ်(၃၉၀)နှင့်ကပ်လျက်ဘက်အခြမ်းမြေကွက်အစား မြေကွက်အမှတ်(၃၉၂)နှင့်ကပ်လျက်ဘက်အခြမ်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ အနော်မာအနောက် (၁၈)လမ်း၊ မြေကွက်အမှတ် (၂၂၂/ခ)ခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း၊ (၅)ထပ် အဆောက်အဦတွင်တည်ရှိသည့် မှန်ခန်း(မြေညီထပ်)၏အပေါ်ခန်း၊ (အလျား ၁၈ပေx အနံ ၅၅ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ (၁) ဒေါ်ညွန့်ညွန့်ရီ [၁၂/သကတ(နိုင်)၀၁၈၀၄၆]၊ (၂) ဒေါ်ဝတ်မှိ [၁၂/သကတ(နိုင်)၁၈၂၂၀၀]တို့မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိဖြိုး [၁၃/ရစန(နိုင်)၀၄၆၆၁၄]မှ အပြီးအပိုင် လွှဲပြောင်း၀ယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လုံကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမောင်မောင်ချစ်(စလင်း) LL.B	**ဒေါ်မိုးယုနွယ်**
တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)	**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)**
Ph–09954280932	**LL.B, D.B.L, D.I.L, D.M.L,**
အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊	**WIPO(Switzerland)**
(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။	**Ph:09420080932,09983837110**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃–၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း အောက်ပါတည်ဆောက်ရေး လုပ်ငန်းများအား ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

(က) Lot–1 ညောင်လေးပင်ခရိုင် – စုပေါင်းရုံး (၃)ထပ်တည်ဆောက်ခြင်း (စတုရန်းပေ ၂၈၁၀၀) (RC)
(ခ) Lot–2 နတ်တလင်းခရိုင် – စုပေါင်းရုံး (၃)ထပ်တည်ဆောက်ခြင်း (စတုရန်းပေ ၂၈၁၀၀) (RC)

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက် – (၁၂–၆–၂၀၂၃)ရက်နေ့မှ (၂၆–၆–၂၀၂၃)ရက်နေ့ထိ
တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်နှင့်အချိန် – (၂၇–၆–၂၀၂၃)ရက်နေ့ (၁၆:၀၀) နာရီ
တင်ဒါတင်သွင်းရမည့်နေရာ – ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၃။ စျေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၄။ စျေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့် ပုံစံများအား တစ်စုံလျှင် (၁၅၀၀၀/–) (ကျပ်တစ်သောင်းငါးထောင်တိတိ)ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

၅။ စျေးပြိုင်အဆိုပြုလွှာများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ပဲခူးမြို့ထံ လိပ်မူ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ပဲခူးမြို့ရှိ တင်ဒါပုံး အတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၅၂–၂၂၀၁၈၃၇သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ နဝရတ်(၁)လမ်း၊ တိုက်အမှတ် (၁၀၄၁)၊ အခန်းအမှတ်(B–1)၊ မြေညီထပ် (အလယ်ခန်း)၊ အကျယ်အဝန်း (အလျား ၁၂ ၁/၂ပေx အနံ ၅၅ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းနိုင် [၁၂/တတန(နိုင်)၀၀၂၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိမွန်ဆွေ [၁၂/ဥကတ(နိုင်)၁၂၇၉၁]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားမှုအရ–
ဦးပြည်ဖြိုးသူ(LL.B) အထက်တန်းရှေ့နေ(စဉ်–၄၆၁၄၀)
အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၄၄၄၈၈၈

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ဧရာ၀ါ(၂)လမ်း၊ အမှတ် (၈၃၅/က)နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝင်းမြင့် [၁၂/မရက(နိုင်)၀၄၇၇၄၃]နှင့် ဒေါ်ကျင်ပို့ [၁၂/ခရန(နိုင်)၀၄၆၂၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်–

ဦးဝင်းမြင့်နှင့် ဒေါ်ကျင်ပို့ တို့၏ သမီးဖြစ်သူ ဒေါ်ဆုပိုင်ဝင်းမြင့် [၁၂/ဒဂတ(နိုင်)၀၄၅၇၇၂]သည် မိဘများ၏ ဆိုဆုံးမမှုအား နားထောင်ခြင်းမရှိဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက် နေထိုင်ပြုမူလျက်ရှိသဖြင့် ဤနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို မိမိတို့နှင့် မသက်ဆိုင်ပါကြောင်းနှင့် ၎င်း၏ ကိစ္စရပ်များအား မိမိတို့မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ပိုးအိအိစ် (LL.B)(LLM)
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၀၅၀)
ဖုန်း– ၀၉–၂၅၀၆၄၃၃၃၊ ၀၉–၇၉၆၃၃၉၇၉၆

ဖခင်အမည်မှန်

ရန်ကုန်မြို့ အ.ထ.က(၅) ဗိုလ်တာ ထောင်၊ Grade-8(A) မောင်မူတာမတ်အာဖိစ်၊ Grade-5(B) မောင်မူတာမွမ်အပ်ဒူးလ္ကာ၊ Grade-4(A) မအာတိယာဒေါ်ဆောရ် တို့၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းအရ ဦးမာမောက်အာယုပ် (၁၁/မတန(မြို)၀၀ ၂၁၄၂) ဖြစ်ပါကြောင်း။

ဦးမာမောက်အာယုပ်

အမည်ပြောင်း

ဇရာ၀တီတိုင်း ဒေသကြီး၊ မြန်အောင်မြို့နယ်၊ သပြေကုန်းကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ G 1 မှ ဦးမျိုးမြင့်အောင်၏သမီး **မချိုးမြတ်စန္ဒီ**ကို အား **မခင်မြန်မာနိုင်**ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

ဇရာ၀တီတိုင်း ဒေသကြီး၊ မြန်အောင်မြို့နယ်၊ သပြေကုန်းကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ G 6 မှ ဦးမျိုးမြင့်အောင်၏သမီး **မပွင့်ယွန်းစန္ဒီ ဗိုလ်**အား **မပွင့်ယွန်းစန္ဒီ**ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၇-၆-၂၀၂၃ ရက်ထုတ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၀)ပါ သဃီနီးကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၂)လမ်း၊ အမှတ်–စ၅၃၃၊ ပထမထပ်၊ အခန်းအကျယ် (၁၂ ၁/၂'x၅၄') အစား (၁၁.၅'x၄၅'= ၅၁၇.၅ sqft)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စလင်း– ဦးအောင်သိန်း(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၃၄၃၂)
အမှတ်–၃၄၊ (ပ–ထပ်)၊ ပဒေသာလမ်း၊
မြေနီကုန်း(တောင်)ရပ်၊
စစ်ချောင်းမြို့နယ်။
ဖုန်း–၀၉– ၅၄၀၁၉၄၀

ပြင်ဆင်ဖတ်ရှုပေးပါရန်

(၈-၆-၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၅)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ဇာလွင်နှင့် အထက်တန်းရှေ့နေ ဒေါ်စုစုနန္ဒာထွန်း တို့၏ "အများသိစေရန်ကြေညာခြင်း" ကြော်ငြာတွင် ဒေါ်ခင်သူသုဝင်း [၁၂/တမန (နိုင်) ၀၉၀၅၅၃]ဟု ဖော်ပြပါရှိသဖြင့် [၁၂/တမန(နိုင်) ၁၀၃၄၅၅]ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ကန့်ကွက်နိုင်ကြောင်း
ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိန္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေကွက်အမှတ် (၃–၅၄၈–ဘီ)၊ မြေဧရိယာ (၀.၂၂၉)ဧက၊ ပါမစ်မြေကွက်သည် ဒေါ်လေးလေးနွယ်၊ အဖအမည် ဦးမောင်စိုး [၁၀/ခဆန(နိုင်)၀၀၆၉၀၇] အမည်ပေါက် မြေကွက်များဖြစ်ပြီး ဒေါ်ခင်ခင်ထူး၊ အဖအမည် ဦးအုန်း [၉/မရတ(နိုင်)၀၀၆၄၅၄]မှ အဆောက်အဦဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာရွက်စာတမ်းများ၊ တရားရုံးအထောက်အထားစာစာရင်းရပ်ခြင်း ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်စိပ်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်						လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ		အကြောင်းအရာ
၁။	အေါ်စိုးစိုးအေး	၁၂/တမန(နိုင်)၀၉၇၉၈၅	သဃီနီးကျွန်း	ကြီးပွားရေး(လုံးချင်း)	၁၀/ခ	ဦးသန်းအောင်၊ အေါ်အိ(ခ) ဒေါ်ခင်လေးပြင့်	၁၀/ခ၊ နွယ်သာကီလမ်း၊ ပြည်ထောင်စုမိုဝိပ်ခွန်အိမ်ရာ		ဂရန်ခွဲ
၂။	ဦးရွှေလှ(ခ)ဆာဘေရ်အာမက်	၁၂/တမန(နိုင်)၀၈၇၆၇၈	တာမွေ	၄၆(S-၉၀)	၁၁၂	ဦးရွှေလှ	၇၃၊ ဝိတ္တသုခလမ်း၊ ပုသိမ်ညွှန်ရုပ်တွက်		ဂရန်သက်တမ်းတိုး
၃။	ဦးကျော်မင်းစိုး+၁	၁၄/ကပန(နိုင်)၀၉၀၆၂၂	လှိုင်	၂၀/က+ခ	ရ၆၅	ဦးကျော်စွာအောင်	၁၀၀၊ မာလာမြိုင်(၃)လမ်း၊ (၁၆)ရပ်တွက်		အမည်ပြောင်း
၄။	ဦးဇော်နိုင်+၂	၁၂/တမန(နိုင်)၁၂၂၂၆၅	အုံတောင်	၆၄/စက်မှုလုမ်	၂၄+၂၅	ဦးရွှေပို	၂၄+၂၅၊ စက်မှုပတ်လမ်း၊ ၆၄/စက်မှုလုမ်ရပ်တွက်		မြေထုံးကူး(မြေဘုတ်ဦ)၊ အပြန်အလှန်ခွန်းလွှတ်)
၅။	ဒေါ်နွယ်စီထွန်း	၁၂/သလန(နိုင်)၀၈၀၅၅၄	အုံဆိပ်ကမ်း	၆၀	၁၂၉၉+၁၃၀၀	ဦးထင်လင်းကျော်	၁၂၉၉+၁၃၀၀၊ (၆၀)ရပ်တွက်၊ အုံဆိပ်ကမ်း		အမည်ပြောင်း
၆။	ဒေါ်အေးအေးမာ	၁၂/ရကန(နိုင်)၀၁၀ ၂၄၀	အုံမြောက်	၄၄	၆၄၁	ဦးသောင်းမြင့်	၆၄၁၊ နဝရတ်လမ်း၊ (၄၅)ရပ်တွက်		အမည်ပြောင်း
၇။	ဦးအောင်ကျော်ဇေယျ	၁၂/မရက(နိုင်)၀၀၃ဂုဏ်	အင်းစိန်	၆-ဒီ(၁၄၊၁၅၊၁၆)ကြိုးကုန်း	၁၃၃	ဒေါ်ခင်ပြင်လေး	၁၀၀၊(၄)လမ်း(မြောက်)အရှေ့ကြိုးကုန်းရပ်တွက်		အမည်ပြောင်း
၈။	ဒေါ်အေးပြင့်	၁၂/ဥကတ(နိုင်)၁၀ရ၀ဂုဂ	တောင်ဥက္ကလာ	၆	၉၀ရ/ခ	ဒေါ်မေခင်	၉၀ရ/ခ၊ အင်း၀(၉)လမ်း၊ (၆)ရပ်တွက်		အမည်ပြောင်း
၉။	ဒေါ်သက်စိုးဦး	၈/ကန(နိုင်)၁၅၀၉၆၄	အုံဆိပ်ကမ်း	၈၂	၄၆၄	ဒေါ်သန်းဝင်း+၁	၄၆၄၊ မေတ္တာလမ်း၊ (၈ ၂)ရပ်တွက်		အမည်ပြောင်း
၁၀။	ဦးစင်ခွန်မစ်အောင်	၁၃/လရန(နိုင်)၀၁၀၄၄၄	လှိုင်သာယာ	FMI-8	၁၀၁၈	ဒေါ်မေမေမေ	K45၊ မင်္ဂလာ(၂)လမ်း၊ FMI အိမ်ရာ၊ (၄)ရပ်တွက်		အမည်ပြောင်း
၁၁။	ဒေါ်သက်သက်မာ	၁၄/ကလန(နိုင်)၀၇၆၈ ၂၀	မင်္ဂလာဒုံ	၅၂/က	၆ရ/ခ+၆၀+၆၉/ခ	ဒေါ်စန်းစန်းအေး	၆ရ/ခ၊၆၀+၆၉/ခ၊ အောင်ဘောဂ(၁)လမ်း၊ ရဲစုကြီး ရပ်တွက်		မြေပုံကူး(မြေကွက်ခွဲ)+မြေတိုင်း
၁၂။	ဦးလွင်မောင်စိုး+၁	၁၂/လသန(နိုင်)၀၀၁၁၆၆	မြောက်ဥက္ကလာ	၈	၄၆	ဒေါ်တင်တင်	၄၆၊ ဝေပုလ္လ(၁)လမ်း၊ (ဃ)ရပ်တွက်		အမည်ပြောင်း
၁၃။	ဦးမျိုးလွင်ကျော်+၁	၁၂/ဥကတ(နိုင်)၀၁၅ ၂၂	ရန်ကင်း	၅–ကံဘဲ	၈ရ/၄	ဒေါ်တင်တင်ရီ၊ ဦးတင်အောင်ဝင်း၊ ဦးခင်မောင်ဟန်	၂၊ သိရိရတနာလမ်း၊ (၁၆)ရပ်တွက်		အမည်ပြောင်း
၁၄။	ဒေါ်ခေါ်ညည်ဝင်း	၇/ရတရ(နိုင်)၀၀၁ ၂၉၁	ရွှေပြည်သာ	၃၂	၈၃(က+ခ)	ဒေါ်မွေး	၈၃က+ခ၊ ဂန္ဓမာလမ်း၊ (၁ ၂)ရပ်တွက်		အမည်ပြောင်း
၁၅။	ဒေါ်ခင်နွယ်ဦး	၁ ၂/ဥကတ(နိုင်)၀၉၀၄၄၄	တောင်ဥက္ကလာ	၅	၄ ၂၄/ခ	ဦးအေးကို	၄ ၂၄/ခ၊ ပင်းယ(၁၃)လမ်း၊		အမည်ပြောင်း
၁၆။	ဦးခင်ဝင်း	၁၀/မလမ(နိုင်)၁၄၀ခ၄၁	ရွှေပြည်သာ	၁၁	၄၀၄	ဒေါ်ကာတာဦးလှမောင်	၄၀၄၊ ချယ်ရီပတ်လမ်း၊ (၄)ရပ်တွက်		ဂရန်သစ်

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တော်လတဲ့ ကျေးရွာနေ ဦးသန်းထွန်း၏သား မောင်အေးဖြိုးထက်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၆-၆-၁၉၉၈)ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မ ခေါ်ဝန်ဟောက်ကျိန်[၅/ကလထ(နိုင်)၁၁၅၈၀၇]၏ နိုင်ငံကူးလက်မှတ်နံပါတ်(MD-412031) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် -

ဖုန်း-09-949050025

ဖခင်အမည်မှန်

တွံတေးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)၊ Grade(10) စနစ်သစ်တွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်လင်း၏ ဖခင်အမည်မှန်မှာ ဦးတူးတူး[၁၂/တတန(နိုင်)၂၀၆၃၆၂] ဖြစ်ပါကြောင်း။

ဦးတူးတူး

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖုန်းမြင့်အောင် [၁၀/မလမ(နိုင်)၂၃၂၅၈၉]၏ SID SMART CARD ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၀၆၃၈၉၇၀

ပြင်ဆင်ဖတ်ရှုပါရန်

(၃-၆-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၃၁)ပါ တရားလွတ်တော်ရှေ့နေ ဦးဝင်းမင်းစိုး(စဉ်-၁၂၆၆၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် အကျယ်အဝန်းအား စုစုပေါင်းဧရိယာ(၁၀၄၅)စတုရန်းပေ အစား၊ (၇၇၀)စတုရန်းပေ ဟုပြင်ဆင်ဖတ်ရှုပါရန်။

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်း ဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် - ၅၊ နည်းဥပဒေ -၂၀)
မဂ်လာဒုံမြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၆

ဦးသန်းလှိုင် (တရားလို) } နှင့် { ဦးစိုးမြင့်သိန်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ (သုဝဏ္ဏ)၊ လုံးသွယ်(၁)လမ်း၊ အမှတ်-(၁၃၂) (ယခုနေရပ်လိပ်စာမသိသူ) ရပ်နေ တရားပြိုင် (ဦးစိုးမြင့်သိန်း) သိစေရမည်။

သင့်အပေါ်၌ **"ကတိဝဋ္ဌိညာဉ်စာချုပ်ပါအတိုင်း မြေကွက်နှင့်နေအိမ်အား အရောင်းအယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ ဇွန်လ ၂၀ရက် (၁၃၈၅ ခုနှစ်)၊ ပထမဝါဆိုလဆန်း ၃ ရက်နေ့) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလိုဂ်၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းနှင့် သင်က ထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက် တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀ ၂၃ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(နိုင်သစင်ထွေး)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
မဂ်လာဒုံမြို့နယ်တရားရုံး

"အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၉)၊ မြေကွက်အမှတ်(၂၂၆)၊ အကျယ်အဝန်း အလျား (၄၀)ပေx အနံ (၆၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်ဟုခေါ်တွင်သော မြေကွက်သည် သက်ဆိုင်ရာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ရန်မေကြူ (၁) မိုးမိုးအေး [၁၃/လရန(နိုင်)၀၆၅၁၃၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ၊ အမည်ပေါက်ဖြစ်သူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့် [၁၂/ဒဂရ(နိုင်)၀၁၀၅၉၈]၏ ဇနီးဖြစ်သူ ဒေါ်တင်ယုမေ [၁၂/မရက (နိုင်)၁၈၆/၇၆] ကိုင်ဆောင်သူမှ (၂၀-၁၂-၂၀၂၀) ရက်နေ့က အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ ယခု အခါ ဒေါ်တင်ယုမေသည် (၁၈-၉-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သွားပြီးဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးဝင်းမြင့် [၁၂/ဒဂရ(နိုင်)၀၁၁၅၉၈]မှ အမေဆက်ခံပိုင်ဆိုင်ယျက်ရှိပါသည်။ အဆိုပါ ခြံမြေအတွင်းခ်ဉ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့်မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ပေါင်ရန်၊ ပေးကမ်း၊ စွန့်လွှတ်လုပ်ကိုင်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ထားခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး၊ ပြုလုပ်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးစော်မင်းနိုင်	**ဒေါ်သက်ဆုရည်**
LL.B, DL-101 Wipo (Switzerland)	**ဥပဒေဘွဲ့ (LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၁၀၉၁၈/၁၆)	**(စဉ် - ၁၂၅၃/၁၇)**
ဖုန်း - ၀၉-၄၂၅၁၆၈၉၃၂	**ဖုန်း - ၀၉ - ၄၂၀၂၄၈၈၆**

ရုံး - အမှတ် (၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
မဂ်လာဒုံမြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၅

ဦးသန်းလှိုင် (တရားလို) } နှင့် { ဦးစိုးမြင့်သိန်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၂၉ ရပ်ကွက် (သုဝဏ္ဏ)၊ လုံးသွယ်(၁)လမ်း၊ အမှတ်(၁၃၂)ရပ်နေ တရားပြိုင် ဦးစိုးမြင့်သိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသန်းလှိုင်က **"ပဋိညာဉ်စာချုပ်ပါအတိုင်းမြေကွက်နှင့်နေအိမ်အား အရောင်းအယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု"** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ ဇွန်လ ၂၀ ရက် (၁၃၈၅ ခုနှစ်)၊ ပထမဝါဆိုလဆန်း ၃ ရက်နေ့) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလိုဂ်၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်ထဲတွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(မေဆုမွန်ကျော်)
တွဲဖက်မြို့နယ်တရားသူကြီး
မဂ်လာဒုံမြို့နယ်တရားရုံး

ပြင်ဆင်ဖတ်ရှုပါရန်

၉-၆-၂၀၂၃ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၇)ပါ စဂျိုးဇော်၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းတွင် (09-951315286)အစား (09-951315289)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

